# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပေါင်းလပြည့်ကျော်(၁)ရက် ၊ သောကြာနေ့ ၊ (14-3-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၁၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနား ကျင်းပ



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထူပါရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညောဘာသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။

**နေပြည်တော် မတ် ၁၃**

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ်အတွင်းရှိ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ဆင်ယင်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညို၍ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်ပူဇော်ပြီး ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူကြသည်။

အခမ်းအနားသို့ အထူးပင့်ဖိတ်ထားသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက

စာမျက်နှာ ၁၆ ကော်လံ ၁


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း၊လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ ဈေးဝယ်ခြင်း ၊ Internet Bill ပေးဆောင်ခြင်း၊ Gift Card ပေးခြင်း၊ Skynet Bill Payment ပေးသွင်းခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊ E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းပေါင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

MPT mytel ooredoo telenor

ဘေလ်ပေးဆောင်ခြင်း

ရတနာပုံ
၂၀၂၅ ခုနှစ် မတ် ၁၄ ရက်
အယ်ဒီတာ့အာဘော်

# မြန်မာအထူးစီးပွားရေးဇုန်များ အောင်မြင်ရန် ဆက်လက်ကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက်(၃)ရပ်အနက် " တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး" ဟူသော ဦးတည်ချက်သည် အဓိကအလေးပေးဆောင်ရွက်နေသည့် ဦးတည်ချက်တစ်ရပ်ဖြစ်သည်။ ယင်းဦးတည်ချက်များနှင့်အညီ အထူးစီးပွားရေးဇုန်များကလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ကမ္ဘာ့နိုင်ငံတိုင်းတွင် အထူးစီးပွားရေးဇုန်များနှင့် သီးသန့်ဇုန်များ ထားရှိကြသည်။ ထိုသို့ ထားရှိရာတွင် နိုင်ငံများအလိုက် နည်းဥပဒေ၊ ဥပဒေများရေးဆွဲပြဋ္ဌာန်းပြီး ဆောင်ရွက်နေကြခြင်းဖြစ်သည်။ အလားတူနိုင်ငံများအတွင်း အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ လုပ်နိုင်ရန်အတွက် ဖြေလျှော့မှုများ၊ မက်လုံးပေးခြင်းများ၊ ဆွဲဆောင်စည်းရုံးမှုများကို နိုင်ငံအလိုက် ဆောင်ရွက်ကြရသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ် မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများတွင် ယင်းကိစ္စရပ်များကို သတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပေသည်။

**"အထူးစီးပွားရေးဇုန်များတွင် လာရောက်ရင်းနှီးမြှုပ်နှံမှု၌ မိမိတို့ ရင်းနှီးမြှုပ်နှံမှု၏ ဦးတည်ချက်ဖြစ်သော နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် ပို့ကုန်တိုးမြှင့်နိုင်ရေးသည် အဓိကဖြစ်ကြောင်း၊ အထူးစီးပွားရေးဇုန်များသို့ ရင်းနှီးမြှုပ်နှံမှုများ စည်းရုံးဖိတ်ခေါ်ရာတွင် နိုင်ငံတကာသို့ တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းများထုတ်လုပ်သည့် ရင်းနှီးမြှုပ်နှံမှုကို ဦးစားပေးဖိတ်ခေါ်စေလိုကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် စပ်လျဉ်း၍ ပို့ကုန်၊ သွင်းကုန်အပိုင်းတွင် ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအထိ ပို့ကုန် အမေရိကန်ဒေါ်လာ ၁၆၃ ဒသမ ၄၆၆ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၅၅၉ ဒသမ ၂၈၄ သန်း စုစုပေါင်းကုန်သွယ်မှုပမာဏကို ကြည့်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၇၂၂ ဒသမ ၇၅ သန်းရှိခဲ့ကြောင်း"** မတ် ၁၁ ရက်တွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပပြုလုပ်သော မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဒုတိယအကြိမ် အစည်းအဝေးတွင် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

အနာဂတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်များတွင်လည်း ပို့ကုန်တိုးမြှင့်ရေးအတွက် ပို့ကုန်များကို ဦးစားပေးထုတ်လုပ်မည့် လုပ်ငန်းရှင်များကို ရွေးချယ်ဖိတ်ခေါ်ရန် လိုပေသည်။ သွင်းကုန်အပိုင်းတွင်လည်း တင်သွင်းလာသည့် ကုန်ပစ္စည်းများတွင် MSME လုပ်ငန်းများက မည်မျှသွင်းကုန်အစားထိုးပေးနိုင်မည်ကို MSME လုပ်ငန်းများနှင့် ချိတ်ဆက်ပေးရမည်ဖြစ်ပေသည်။

အထူးစီးပွားရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ချမှတ်ဆောင်ရွက်လျက် ရှိသည်။ ထိုသို့ ချမှတ်ဆောင်ရွက်ရာတွင် MSME လုပ်ငန်းသည် အဓိကပါဝင်သကဲ့သို့ အထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရန်အတွက် များစွာအထောက်အကူပြုရမည်ဖြစ်သည်။ နိုင်ငံ၏စီးပွားရေးကို များစွာအထောက်အကူပြုနိုင်သည့် ဇုန်များဖြစ်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ နှစ် ၈၀ ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

**(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိကလုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။**

**(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။**

**(ဂ) နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ်ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီဆောင်ရွက်ပေးရေး။**

**(ဃ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။**

# ပုသိမ်ကြီးမြို့နယ်ရှိ သစ္စာအဓိဋ္ဌာန်ရွှေစာရံစေတီတော် (၇၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနား ကျင်းပ



**မန္တလေး မတ် ၁၃**

နှစ်စဉ် ကျင်းပမြဲ ပုသိမ်ကြီးမြို့နယ်ရှိ သစ္စာအဓိဋ္ဌာန် ရွှေစာရံစေတီတော်၏ (၇၇) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အခမ်းအနားကို မတ် ၁၂ ရက် နံနက်ပိုင်းက ကျင်းပရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဗုဒ္ဓပူဇနိယပွဲတော်အခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ဇီဝိတဒါနအဖြစ် ငါးမြစ်ချင်းအကောင်ရေ ၂၀၀၀၀ ကို ဒုဋ္ဌဝတီမြစ်အတွင်း လွှတ်ပေးကြပြီးနောက် ပွဲဈေးတစ်လျှောက် လိုက်လံကြည့်ရှုကာ အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာပြည်သူများနှင့် ဈေးဆိုင်ရှင်များကို ရင်းနှီးစွာ နှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သစ္စာအဓိဋ္ဌာန် ရွှေစာရံစေတီတော်အား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်း၊ ပန်း၊ ရေချမ်းနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသန္တက မဟာဓမ္မဗိမာန်တော်ကြီးတွင် ဆက်လက်ကျင်းပရာ ဩဝါဒါစရိယဆရာတော်ကြီးများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖူးမြော်ပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ပုသိမ်ကြီး မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တဥတ္တမထံက တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့၊ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြည်ညို၍ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ဘဒ္ဒန္တဥတ္တမထံက ရေစက်ချနှင့် အနုမောဒနာတရားနာယူကြည်ညိုကာ ရေစက်သွန်းလောင်းပြီးနောက် ဗုဒ္ဓ သာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# လပွတ္တာမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**လပွတ္တာ မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များကို စနစ်တကျ ထုတ်လုပ်ပြီး ဝယ်ယူသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထုတ်လုပ်ရောင်းချသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိ ပိဿာချိန် ၁၀၀၀ မှ ၁၇၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လပွတ္တာမြို့နယ်မှာ ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ တတိယပတ်လောက်ကတည်းက စတင် အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်က ဝယ်ယူအား ကောင်းမွန်နေပါတယ် " ဟု လပွတ္တာမြို့နယ်မှ ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချယ်ရီက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးပိ ၊ ငါးခြောက်များကို ပြုလုပ်ပြီး ဒေသထွက် ငါးကွမ်းရှပ်ခြောက်များအပါအဝင် ငါးခြောက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၃၀၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မော်လမြိုင်မြို့နယ် ရိုးဂိုး(ရွာဟောင်း)ကျေးရွာ၌ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မော်လမြိုင် မတ် ၁၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ရိုးဂိုး(ရွာဟောင်း)ကျေးရွာ၌ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ရိုးဂိုး(ရွာဟောင်း)ကျေးရွာ၌ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦးက လိုအပ်သည်များ မှာကြားခဲ့သည်။

ရိုးဂိုး(ရွာဟောင်း)ကျေးရွာ၌ အရှည်ပေ ၄၅၀၀၊ အကျယ် ၁၄ ပေ၊ အမြင့်ခြောက်လက်မရှိ ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၈၂ ဒသမ ၄ သန်းဖြင့် ငွေမိုးကုမ္ပဏီက ၂၀၂၄ ခုနှစ် စက်တင်ဘာလတတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရိုးဂိုး(ရွာဟောင်း)ကျေးရွာတွင် ကုန်ထုတ်လမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးသွားသဖြင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကျေးရွာမှထွက်ရှိသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူ ပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း မော်လမြိုင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **သုတ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့နေ ဦးစိုးဝင်း ရွှေလရောင်ကားဂိတ် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အတွင်း အသုံးပြုရန် ဆိုလာလမ်းမီးတိုင်အတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ ခေါင်းဆောင် သုခမ္မမဏိဇောတရေဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံကြက်သွန်နီ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး တစ်ကေလျှင် ၅၄၂၈ ဒသမ ၈၇ ပိဿာ ထွက်ရှိ



**ထီးချိုင့် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံကြက်သွန်နီ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၅၄၂၈ ဒသမ ၈၇ ပိဿာ ထွက်ရှိကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၀၂၈ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တစ်ကေလျှင် ၅၄၂၈ ဒသမ ၈၇ ပိဿာ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ ကြက်သွန်နီ ၁၀၂၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီ စိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ကြက်သွန်နီစိုက်ပျိုးမှုအနေနဲ့က တော့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးလာနိုင်ပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ကြက်သွန်နီစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ကြက်သွန်နီကို ကြာရှည်စွာထားခံနိုင်ရန်၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန် စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကြက်သွန်နီ တစ်ကေ စိုက်ပျိုးပါက ငွေကျပ် ၁၈ သိန်းခန့် ကုန်ကျပြီး တစ်ကေလျှင် ကြက်သွန်နီ ပိဿာ ၅၀၀၀ ထွက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်ကပြောပြ၍ သိရသည်။ (၂၀၆)

# တောင်သာမြို့နယ် ကူရွာကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်သာ မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူရွာကျေးရွာတွင် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၁၂ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက် လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများ ထုတ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ပပဝင်းခိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၃၂၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကူရွာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၄ ဦးကို ငွေကျပ် ၃၁၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၂၀ ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

**ချစ်ဦးကို**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း နှစ်လခွဲစပါးတင်းရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် မတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း နှစ်လခွဲ စပါးတင်းရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်က ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်းက နှစ်လခွဲစပါးတင်းရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၁ ရက်မှ ၂၈ ရက်ထိ နှစ်လခွဲစပါးတင်းရေ ၇၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဖေဖော်ဝါရီလအတွင်း နှစ်လခွဲစပါးတင်းရေ ၇၃၀၀၀ ထိ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကနေ ဆန်၊ စပါးတွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုများနေလို့ တင်ပို့မှုအားကောင်းခဲ့တာဖြစ်ပါတယ်။ နှစ်လခွဲ စပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြား စပါးတွေနဲ့ယှဉ်ရင် ဇန်နဝါရီလ တစ်လအတွင်းမှာကော၊ လတ်တလောအနေနဲ့ပါ နှစ်လခွဲစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု ပန်းတနော်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် နှစ်လခွဲစပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၄၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါနှစ်လခွဲစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ အလုပ်အကိုင်အခွင့်အလမ်း ကောင်းမွန်နေကြောင်း ပန်းတနော်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# လူကိုလူချင်း လေနှင့်ရင်း ကျုံးသွင်းမြှုဆွယ် လူ့အန္တရာယ်

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

ဆော်ဒီအာရေဗျနိုင်ငံ ရီရတ်မြို့၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲမျိုးစုံ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးကို အမိမြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခဲ့သောသတင်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်ထုတ် ကြေးမုံ၊ မြန်မာ့အလင်း၊ မြဝတီ နေ့စဉ်သတင်းစာများတွင် ဖော်ပြပါရှိခဲ့ကြသည်။

အဆိုပါ အလားတူသတင်းများကို မကြာခဏဆိုသလို တွေ့မြင်ဖတ်ရှုနေရလေလေ၊ လူကိုလူချင်း လေနှင့်ရင်းပြီး စာနာမှုကင်းစွာ လူကုန်ကူးစားနေကြသူများကို နာကြည်းမုန်းတီး အော့နှလုံးနာနေကြရသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေကြသည့် အမိနိုင်ငံသားများ အခက်အခဲများနှင့် ကြုံတွေ့နေကြရပါက ဥပေက္ခာမပြုရက်ဘဲ နိုင်ငံသားများအပေါ် အလေးအနက်ထား၊တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေများနှင့် တွေ့ကြုံနေကြရသည်ဖြစ်စေ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိကြစေရေးအတွက် အမြဲတမ်းဆောင်ရွက်ပေးလျက်ရှိနေသည်။

မလေးရှားနိုင်ငံရောက်မြန်မာဒုက္ခသည်များကိုလည်း လေယာဉ်နှင့်တစ်သွယ်၊ သင်္ဘောများနှင့်တစ်ဖုံ၊ နည်းမျိုးစုံဖြင့် ပြန်လည်ကယ်ဆယ်ပို့ဆောင်ပေးခဲ့ကြရသည်။

ဆောင်ရွက်ပေးခဲ့သည်များကိုလည်း နေ့စဉ်ထုတ်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာအသိပေးနေခဲ့သည်။ ထိုသို့ထုတ်ပြန်အသိပေးကြေညာနေခြင်းမှာ အဆိုပါဖြစ်ရပ်အခြေအနေများကို သိရှိကြခြင်းအားဖြင့် လူကုန်ကူးမှုအန္တရာယ်အသွယ်သွယ်ကို ကြိုတင်ကာကွယ်ကြစေရေးအတွက် နိုင်ငံတော်က စေတနာထားနေခြင်းဖြစ်သည်။

ကျွန်တော်မှတ်မိနေပါသေးသည်။ မြန်မာ-ဒူဘိုင်းနှစ်နိုင်ငံရဲတပ်ဖွဲ့ပူးပေါင်းဆောင်ရွက်မှုဖြင့် လူကုန်ကူးခံရသည့် မြန်မာအမျိုးသမီးခုနစ်ဦးကို ကယ်တင်၍ မြန်မာနိုင်ငံသို့ခေါ်ယူပေးနိုင်ခဲ့သည့် သတင်းအပြည့်အစုံကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၀ ရက်နေ့ထုတ် နေ့စဉ်သတင်းစာများတွင်ဖော်ပြခဲ့ကြရာ ဖတ်ရှုရသူတိုင်း စာနာစိတ်ကိုယ်စီဖြင့် ထိတ်လန့်တုန်လှုပ်သွားခဲ့ကြရသည်။ လျှို့ဝှက်သည်းဖိုဇာတ်လမ်းဆန်နေသောကြောင့်လည်း ရင်ဝယ်လှပ်လှပ်ဖြစ်ရပ်ကွန်ချာဝေဒနာကိုခံစားကြရကာ ကယ်တင်စောင့်ရှောက်ပေးကြသူများကို ချီးကျူးသြဘာထောမနာ ဂုဏ်ပြုနေကြသကဲ့သို့ ကိုယ့်မြန်မာအမျိုးသမီးအချင်းချင်းကို ရက်စက်ယုတ်မာလူမဆန်စွာ ပြုကျင့်သူများကိုလည်း ထိုက်သင့်သော ပြစ်ဒဏ်ကိုပေးပါဟု ပြစ်တင်ရှုတ်ချနေကြသူများလည်း ရှိခဲ့ကြသည်။

ထိုလူကုန်ကူးမှုသတင်းနှင့်ဆက်စပ်ပြီး ဖိလစ်ပိုင်နိုင်ငံတွင် လူကုန်ကူးခံကြရသော မြန်မာအမျိုးသားတချို့ လောင်းကစားဝိုင်းများတွင် ငွေဝယ်ကျွန်များသဖွယ် အခိုင်းခံနေကြရကြောင်း၊ ရင်နင့်ကြေကွဲဖွယ်သတင်းကလည်း ဆက်လက်ထွက်ပေါ်လာခဲ့သည်။

ထိုဖြစ်ရပ်ထက် ဆိုးရွားလှသောလူကုန်ကူးခံရသူများ၏လောကငရဲခံစားမှုများက ပြောမဆုံးပေါင် တောသုံးထောင်ပင်။ တကယ့်ဖြစ်ရပ်တွေက ရုပ်ရှင်ဗီဒီယိုဇာတ်လမ်းတွေထက်ပင် ကြေကွဲဖွယ်ကောင်းလှသည်။

လူတစ်ဦးတစ်ယောက်ကို အခြားတစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ တစ်ဦးထက်ပိုသော (ဥပမာ နှစ်ဦး၊ သုံးဦးသာမက၊ ပိုမိုများပြားသောအဖွဲ့လူဆိုးဂိုဏ်း)ကသော်လည်းကောင်း၊ ကာယကံရှင်၏ သဘောတူညီချက်အရဖြစ်စေ၊ ကာယကံရှင်သဘောတူညီချက်မပါဘဲဖြစ်စေ၊ စည်းရုံးခြင်း၊ သိမ်းသွင်းခြင်း၊ အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည်ဖြင့် ခေါင်းပုံဖြတ်အမြတ်ထုတ်သည့် နည်းအမျိုးမျိုးတို့ဖြင့် လူအချင်းချင်း အရောင်းအဝယ်ပြုလုပ်ကြခြင်းကို **"လူကုန်ကူးခြင်း"**ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

မြန်မာနိုင်ငံအတွင်းတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ်ကစတင်ပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်သတ်မှတ်ကာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကိုလည်း ၂၀၀၅ ခုနှစ်ကစ၍ ပြဋ္ဌာန်းအရေးယူခဲ့သည်။ ထိုဥပဒေအရ အရေးယူအပြစ်ပေးခဲ့သည့်မှုခင်းသတင်းကို နေ့စဉ်ထုတ်သတင်းစာများတွင် အခါအားလျော်စွာ ဖော်ပြပေးနေခဲ့ရာ ကြိုတင်ကာကွယ်နိုင်ကြစေရေးအတွက် သတိပေးနေခြင်းဖြစ်သည်။ အထူးသဖြင့် မိန်းကလေးများသည် လူကုန်ကူးခံရမှုအများဆုံးဖြစ်ပွားနေကြကြောင်း ၂၀၁၉ ခုနှစ်က လူကုန်ကူးမှု ၂၃၉ မှုဖြစ်ပွားခဲ့ပြီး လူကုန်ကူးခံရသူ ၃၅၈ ဦးရှိခဲ့ရာ အမျိုးသမီးဦးရေက ၂၈၇ ဦးရှိနေသောကြောင့် ၈၀ ရာခိုင်နှုန်းကျော်ရှိနေကြောင်း သိရသည်။

**"ယုံကြည်မှုလွယ်ကူလွန်းသူများ၊ အားနာမှုလွန်ကဲသူများ၊ အရချောင် အချောင်ရလိုသူများသည်၊ အလိမ်အညာခံကြရလေ့ရှိသည်"** ဟူသော စကားသည် မှုခင်းလောကတွင် တွင်ကျယ်ထင်ဟပ်နေသောစကားရပ်ဖြစ်သည်။

**❖လူကုန်ကူးမှုခံရသူအများစုမှာ ဗဟုသုတမရှိသူ၊ အယုံလွယ်သူ၊ ငါးစာသာမြင်ပြီး ငါးမျှားချိတ်ကိုမမြင်သူ၊ သေချင်တဲ့ကျား တောပြောင်းချင်သူများ၊ စိတ်အလို ကိုယ်ပါလွယ်သူများ၊ မိသားစုပြဿနာကြောင့် စိတ်လေနေသူများ၊ ငွေကြေးပြတ်လပ်ဆင်းရဲတွင်းမှ လွတ်ကင်းလိုသူများဖြစ်ကြသည်။ ဤနေရာတွင် "လူကိုလူချင်း၊ လေနှင့်ရင်း၍၊ ကျုံးသွင်းမြှုဆွယ်၊ ရောင်းဝယ်ဖောက်ကား၊ လူကုန်ကူးစားနေကြသော ဒုစရိုက်သမားများ" အကြောင်းကို မီးမောင်းထိုးပြရင်း ဆောင်ဖွယ်၊ ရှောင်ဖွယ်များကို မှုခင်းအယ်ဒီတာအတွေ့အကြုံအရ မျှဝေပေးလိုသည်။❖**

လူကုန်ကူးမှုခံရသူအများစုမှာ ဗဟုသုတမရှိသူ၊ အယုံလွယ်သူ၊ ငါးစာသာမြင်ပြီး ငါးမျှားချိတ်ကိုမမြင်သူ၊ သေချင်တဲ့ကျား တောပြောင်းချင်သူများ၊ စိတ်အလို ကိုယ်ပါလွယ်သူများ၊ မိသားစုပြဿနာကြောင့် စိတ်လေနေသူများ၊ ငွေကြေးပြတ်လပ်ဆင်းရဲတွင်းမှ လွတ်ကင်းလိုသူများ ဖြစ်ကြသည်။ ဤနေရာတွင် **"လူကိုလူချင်း၊ လေနှင့်ရင်း၍၊ ကျုံးသွင်းမြှုဆွယ်၊ ရောင်းဝယ်ဖောက်ကား၊ လူကုန်ကူးစားနေကြသော ဒုစရိုက်သမားများ"** အကြောင်းကို မီးမောင်းထိုးပြရင်း ဆောင်ဖွယ်၊ ရှောင်ဖွယ်များကို မှုခင်းအယ်ဒီတာ အတွေ့အကြုံအရ မျှဝေပေးလိုသည်။

ပထမဦးစွာ **"သမီးရည်းစားအဖြစ်၊ ချစ်ကြိုက်ဟန်ဆောင်သော လူကုန်ကူးမှု (တစ်နည်းအားဖြင့်) လူမှောင်ခိုမှုများ"** ထဲမှ တကယ့်ဖြစ်ရပ်မှန် သာဓကတချို့ကို ကောက်နုတ်တင်ပြမည်။

၂၀၁၁ ခုနှစ် ဧပြီလအတွင်းက ရှမ်းပြည်နယ် မိုင်းကိုင်မြို့နယ် မ-----(၂၀)နှစ်ကို သီပေါမြို့နယ်နေ စိုးသူက လက်ထပ်ထိမ်းမြားပါမည်ဟု လူကြီးစုံရာနှင့် ပြောဆိုတောင်းရမ်းခေါ်ဆောင်သွားပြီး တစ်ရွာတည်းနေ စိုင်းထွန်းကျော်၊ ချစ်ထွေးတို့နှင့်ပူးပေါင်းကာ မူဆယ် မြို့မှတစ်ဆင့် တစ်ဖက်တရုတ်နိုင်ငံထဲသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ထို့နောက် တရုတ်မယားအဖြစ် ရောင်းစားခဲ့ကြရာ အချိန်မီကယ်တင်နိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ် မေလပိုင်းကလည်း လားရှိုးမြို့နေ မ--- (၁၉)နှစ် သည် ကျောက်မဲမြို့မှာ အလုပ်သွားလုပ်နေရင်းက ပျောက်ဆုံးသွားသဖြင့် မိခင်က လိုက်လံစုံစမ်းရှာဖွေခဲ့ရာ စန်းသီ ခေါ် အောင်လှိုင်ဝင်းက မ---- ကို သမီးရည်းစားအဖြစ် ချစ်ကြိုက်ဟန်ဆောင်ပြီး လူကိုလူချင်း လေနှင့်ရင်းသည့် တရုတ်လူပွဲစားများမှတစ်ဆင့် တရုတ်တစ်ဦးထံ တရုတ်ယွမ် ၁၅၀၀၀ ဖြင့် ရောင်းစားထားကြောင်း သိခဲ့ရသည်။ နှစ်နိုင်ငံရဲတပ်ဖွဲ့ချင်းဆက်သွယ်ပြီး ပြန်လည်ကယ်ဆယ်ခဲ့ရသည်။

ပြန်လည်ကယ်တင်နိုင်ခြင်းမရှိဘဲ တရုတ်များ၏မယားဖြစ်သွားကြသူများ၊ ထိုင်းနိုင်ငံတွင် ပြည့်တန်ဆာဖြစ်သွားကြသူများ၊ လူဖြစ်ရှုံးသွားကြသူများ၊ များစွာရှိနေကြသည်။ မိန်းကလေးများအနေဖြင့် ချစ်ဟန်ဆောင်နေကြသော ချစ်သူရည်းစားများကို ယုံမှတ်ပြီး ဘဝကိုပုံမအပ်ကြပါနှင့်ဟု သတိပေးချင်သည်။ စောင့်စည်းထိန်းသိမ်းကြရေးအတွက် အလေးအနက်သတိထားနေကြရပေမည်။ **"အချစ်ကိုယုံ ပုံပါနဲ့အလုံး"**ဟူသောတေးသွားသည် လူမှောင်ခိုပွဲစားများ၏အန္တရာယ်ကို ကြိုတင်ကာကွယ်ကြရန် လှုံ့ဆော်ပေးနေသည့် လှုံ့ဆော်တေးဖြစ်နေလေပြီ။

ဒုတိယအမျိုးအစားဖြစ်သော **"ဂိုဏ်းဖွဲ့ကျူးလွန်သည့် လူကုန်ကူးသူများအား ဖမ်းဆီးခြင်းနှင့် လူကုန်ကူးခံရသူများအား ကယ်တင်ခြင်း"**မှုခင်းများထဲမှ ဖြစ်ရပ်မှန်မှုခင်းများကိုဆန်းစစ်လေ့လာသုံးသပ်ကြည့်ခဲ့ရာ လူကုန်ကူးမှုစုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းမှာ တရုတ်များ၏မယားများအဖြစ် အဓမ္မလက်ထပ်ထိမ်းမြားစေမှုများ၊ သက်မဲ့ကုန်ပစ္စည်းများကဲ့သို့ အဆင့်ဆင့်ရောင်းစားနေမှုများပင်ဖြစ်သည်။

မြန်မာ၊ တရုတ်နယ်စပ် မူဆယ်မြို့မှတစ်ဆင့် ကျယ်ဂေါင်နှင့် ရွှေလီမြို့ရှိလူကုန်ကူးသူ လူပွဲစားများ ကအုပ်စုဖွဲ့ကာ မြန်မာမိန်းကလေးများကိုရောင်းဝယ်နကြသည်။ မူဆယ်မြို့နှင့် ခ ြ်စည်းရိုးသာခြားထားသော ကျယ်ဂေါင်နှင့် ရွှေလီသည် ကျွန်တော်တို့နိုင်ငံမှာ နွားအရောင်းအဝယ်ရေးလုပ်နေကြသည့် **"နွားပွဲ"** များကဲ့သို့ **"လူပွဲဈေးကွက်များ"** ဖြစ်နေကြသည်။

၂၀၁၁ ခုနှစ် ဧပြီလအတွင်းက လားရှိုးမြို့နေ မအေးသည် တစ်မြို့တည်းနေ မ----၂၇ နှစ်နှင့် မ---တို့နှစ်ဦးကို တရုတ်အမျိုးသားများနှင့် လက်ထပ်ယူကြပါက ငွေများများရမည်ဟု မက်လုံးပေးကျုံးသွင်းခေါ်ဆောင်သွားခဲ့ပြီး ကျယ်ဂေါင်ရှိ မျိုးဝင်း၊ နန်းမြသန်း ခေါ် မရှမ်းမနှင့် ဒေါ်မြအေးတို့အဖွဲ့နှင့်ပူးပေါင်းကာ တရုတ်လူပွဲစားများနှင့် ဆက်သွယ်ခဲ့ကြသည်။ ဆက်သွယ်ခ(ပွဲခ)တစ်ဦးလျှင် တရုတ်ယွမ်ငွေ ၁၀၀၀ မြန်မာငွေကျပ် နှစ်သိန်းစီ (ထိုအချိန်ကဈေးနှုန်း)ဖြင့်ရောင်းစားခဲ့ကြသည်။ ရာဇဝတ်ဘေးပြေးမလွတ်ဆိုသည့်နှယ် တရားခံအားလုံးကို ဖမ်းဆီးရမိခဲ့သည်။ လူကုန်ကူးသူ ၁၈ ဦးက ဂိုဏ်းဖွဲ့ပြီး ခုနစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့ကြသည်။ လူကုန်ကူးခံရသူအမျိုးသမီး ၁၀ ဦးကိုလည်း ကယ်တင်နိုင်ခဲ့သည်။

အလားတူ ရင်နင့်ကြေကွဲဖွယ်ကောင်းသော တရုတ်မယားအဖြစ် ရောင်းစားခံရသူများ၊ ထိုင်းနိုင်ငံတွင် ပြည့်တန်ဆာအဖြစ် ရောင်းစားခံရသူများ၊ ငွေဝယ်ကျွန်များအလား ရောင်းစားခံရသူများ၊ တစ်နေ့တခြား များပြားလာသောအခါ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းပြီး ကြိုတင်ကာကွယ်တားဆီးသည့်အနေဖြင့် ပညာပေးဟောပြောပွဲများ ကျင်းပခဲ့သည်။ လက်ကမ်းစာစောင်များ၊ ဗွီဒီယိုခွေများ၊ ပညာပေးဇာတ်လမ်းများ၊ သီချင်းခွေများ၊ စတေကာများဖြန့်ဝေကာ၊ လှုံ့ဆော်သတိပေးနေခဲ့သည်။ Bill Board တွေ၊ ပိုစတာတွေ၊ ဗီနိုင်းတွေကိုလည်း လူစည်ကားသော ဘူတာရုံ၊ သင်္ဘောဆိပ်၊ ကားဂိတ်၊ ဆိုင်ကယ်၊ ဆိုက်ကားဂိတ်များတွင် စိုက်ထူပေးထားကြသည်။ လူအများလူကုန်ကူးမှုအန္တရာယ်များကို သိရှိနားလည်နေကြပါက ကြိုတင်ဆင်ခြင်ရှောင်ကြည်နိုင်ကြပေလိမ့်မည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ လူထုအသိပညာပြန့်ပွားစေရေးအတွက် စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်အသင်းအဖွဲ့များမှ ပညာရှင်များကို ဖိတ်ကြားပြီး ရှင်းလင်းတင်ပြကာ လူထုထံလှုံ့ဆော်ပေးရန် အကူအညီတောင်းခံခဲ့သည်။ ထိုသို့အကူအညီတောင်းခံခဲ့ရာ၌ စီဒီခွေများဖြင့် မှတ်တမ်းတင်ထားသော လူကုန်ကူးခံရသူများ၏ ဖြစ်ရပ်မှန်များကိုပါ ပြသရှင်းလင်းတင်ပြခဲ့သည်။

**"Enstaved"** စီဒီခွေထဲတွင် အဆိုတော် R ဇာနည်၏နောက်ခံစကားပြောနှင့် မိန်းကလေးနှစ်ယောက်၊ ယောကျ်ားလေးတစ်ယောက် ပေါင်းသုံးယောက်တို့၏ လူကုန်ကူးခံရပုံများကို ကာယကံရှင်များကိုယ်တိုင်က ဖွင့်ဟရှင်းပြထားရာ စာနာသနားဖွယ်ကောင်းလှသည်။ သူတို့လို လူကုန်ကူးမခံကြရစေရန် အရှက်ကို မငဲ့ကွက်ကြဘဲ ဖွင့်ဟဝန်ခံသွားကြသည်မှာ ချီးကျူးဂုဏ်ပြုသင့်လှပါပေသည်။

လာအိုနိုင်ငံမှ **"ဆာဗာနာ"**ဆိုသူ မိန်းကလေးသည် မိသားစုဆင်းရဲကျပ်တည်းလွန်းမှုဒဏ်မှ လွတ်ကင်းစေရေးအတွက် ကယ်တင်ရန်အကြံဖြင့် ဝင်ငွေကောင်းမည့်အလုပ်ကိုရှာဖွေနေရင်း လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှုကို ခံခဲ့ရသည်။ ထိုင်းနိုင်ငံထဲရှိ အိမ်ကြီးတစ်အိမ်ထဲမှာ အခန်းပိတ်လှောင်ထားခံခဲ့ရသည်။ အိမ်သာဆေးကြောသည့်အလုပ်ကအစ အလုပ်ကြမ်းမှန်သမျှ လုပ်ကိုင်ပေးနေခဲ့ရသည်။ မည်သူနှင့်မျှဆက်သွယ်ခွင့်မရဘဲ ၁၆ နှစ်ကြာ ငွေဝယ်ကျွန်ဘဝဖြင့်နေခဲ့ရသည်။ တစ်နေ့မှာတော့ **"ဆာဗာနာ"** က အိမ်ရှင်များ၏အလစ်တွင် လက်လှမ်းမီရာ စာရွက်ပေါ်မှာ **"ကူညီကြပါ"**ဟု ရေးသားပြီး ထိုစာရွက်ကို ခဲတစ်လုံးဖြင့်ပတ်ကာ လမ်းပေါ်သို့ ပစ်ချခဲ့ရာ ကူညီကယ်တင်မည့်သူ ပေါ်ပေါက်လာသောကြောင့် လွတ်မြောက်ခဲ့ရသည်။

ဧရာဝတီတိုင်းဒေသကြီးထဲမှ ဆင်းရဲကျပ်တည်းလွန်းမှုဒဏ်မှ လွတ်ကင်းစေချင်သော အိမ်ထောင်ရှင်မိန်းကလေး ကြည်ကြည်သည် မန္တလေးမှာ လခကောင်းကောင်းရမည်ဟူသော မက်လုံးပြ ကျုံးသွင်းခေါ်ဆောင်မှုကြောင့် လိုက်ပါလာခဲ့ရာမှ မူဆယ်မြို့မှတစ်ဆင့် ရွှေလီမြို့တွင် တရုတ်မယားအဖြစ်ရောင်းစားခံခဲ့ရသည်။ ကျောချမှ ဓားပြမှန်းသိသွားသော ကြည်ကြည်က တရုတ်မယားအဖြစ် လုံးဝလက်မခံသောအခါ တရုတ်မိသားစုက ရိုက်နှက်ညှဉ်းဆဲကြသည်။ ရရှိဒဏ်ရာများကိုလည်း ဆေးကုပေးခြင်းမရှိကြဘဲ နံနက် ၆ နာရီအချိန်မှ ည ၆ နာရီအချိန်အထိ လယ်ထဲဆင်းစေပြီး အလုပ်ကြမ်းမျိုးစုံကို လုပ်ခိုင်းကြသည်။ တစ်နှစ်ခန့်အကြာတွင် ကြည်ကြည်သည် တရုတ်မိသားစုအလစ်မှာ ထွက်ပြေးလွတ်မြောက်ခဲ့ရသည်။ ကြည်ကြည်၏ယောက္ခမများက ချွေးမကြည်ကြည်ကို မသတိကြတော့ဘူးဟု ပြောဆိုငြင်းပယ်ခဲ့ကြသော်လည်း ကြည်ကြည်၏ခင်ပွန်းဖြစ်သူက ကြည်ဖြူစွာ ပေါင်းသင်းပါမည်ဟု ဝန်ခံကတိပြုကာ ပြန်လည်ပေါင်းသင်းခဲ့သည်။

မွန်ပြည်နယ်သားလေး **"ကိုမင်းမင်း"** သည် ထိုင်းနိုင်ငံထဲတွင် ရော်ဘာအစေးခြစ်လုပ်ငန်းကိုရိုးသားစွာ လုပ်ကိုင်နေသူဖြစ်သည်။ တစ်နေ့ နေ့လယ်ဘက်တွင် အလုပ်ပင်ပန်းလွန်းသောကြောင့် အိပ်ပျော်နေစဉ် ထိုင်းအမျိုးသားသုံးဦးက သူ့ကိုအတင်းအကျပ် တုပ်နှောင်၊ မျက်နှာကိုပိတ် ကားပေါ်တင်ခေါ်သွားကြပြီး ငါးဖမ်းသင်္ဘောမှာရောင်းစားခဲ့ကြသည်။ ပင်လယ်ထဲမှစက်လှေပေါ်မှာ ပိုက်ခါရသည့်အလုပ်မှာ သေမင်းနှင့်စစ်ခင်းရသည့်ပမာ အလွန်ပင်အန္တရာယ်များလှသည်။ လေးလက်မသာကျယ်သည့် စက်လှေပေါင်ပေါ်မှာ ခြေနင်းလုပ်ရသည့်အတွက် ခြေချော်ပြီး ပင်လယ်ထဲသို့ကျသွားပါက သေဆုံးကြလေ့ရှိသဖြင့် စိတ်တထင့်ထင့်ဖြင့် အသက်ကိုရင်းပြီး လုပ်ခဲ့ရသည်။ စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ရေဦး မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲစင်းငုံဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံဧက ၂၄၅၀ ထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၀ ဒသမ ၃၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီက တန့်ဆည်မြို့နယ်မှာ ပဲစင်းငုံဧက ၂၄၅၀ ထိစိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းကပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲစင်းငုံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်း ကောင်းမွန်ရေး အတွက် ကွင်းဆင်းအသိပညာပေးခဲ့ကြကြောင်း သိရသည်။

ပဲစင်းငုံများ အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ပဲစင်းငုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍သိရသည်။(၂၀၆)

**စာမျက်နှာ ၄ မှအဆက်** ➤

လုပ်ခလည်းမရခဲ့ဘဲ ငွေဝယ်ကျွန်အဖြစ်ခိုင်းစေခြင်းကို ခံခဲ့ရသည်။ ခြောက်လခန့်အကြာမှာ ဆိပ်ကမ်းသို့ပြန်အရောက်တွင် အလုပ်သမားခေါင်းနှင့်အလုပ်သမားများ အချင်းများပြဿနာဖြစ်ပွားနေချိန်တွင် **"ကိုမင်းမင်း"**ထွက်ပြေးလွတ်မြောက်လာခဲ့သည်။

ခေတ်သစ်ကျေးကျွန်စနစ်၏ သားကောင်များဖြစ်ခဲ့ကြသော သူတို့သုံးယောက်ခံစားခဲ့ရသည်ထက် လောကငရဲခံစားခဲ့ရသူများက ပိုမိုများပြားနေပါသည်။ ငွေရှင်ကြေးရှင်များ၏ လိုအင်ဆန္ဒကို မလိုက်လျောကြပါက မြေအောက်ခန်းများထဲတွင် ကြွက်စာကျွေးခြင်း၊ ရေကန်များထဲတွင် မျှော့စာကျွေးခြင်း၊ အစာအာဟာရ ဖြတ်တောက်ထားခြင်း စသည်ဖြင့်ရက်စက်မှုအပေါင်း သရဖူဆောင်းနေကြသည်။

တကယ့်လက်တွေ့ဖြစ်ရပ်များသည် စိတ်ကူးယဉ်ဝတ္ထုဇာတ်လမ်းများထက်ပင် ဆန်းပြားနေကြသည်ကို လူကုန်ကူးမှုဖြစ်စဉ်များတွင်ကြုံတွေ့နေကြရသည်။ ခေတ်ပညာတတ်ရှေ့နေမလေးတစ်ယောက်နှင့် အရာရှိကတော်တစ်ယောက် ယုံကြည်မှုလွယ်ကူလွန်းသောကြောင့် သူတို့ဘာမျှမသိလိုက်ကြဘဲ ရောင်းစားခံကြရတော့မှ လူကုန်ကူးခံရသည်ကို သိခဲ့ကြရသည်။

မူလတန်းပြဆရာမလေးတစ်ယောက်ကတော့ လစာကောင်းကောင်းရချင်သောဇောဖြင့် လူမှောင်ခိုပွဲစား၏လှည့်ဖြားမှုဝဲဂယက်ထဲမျောပါသွားခဲ့ရာ ကံကောင်း၍ကယ်တင်သူပေါ်လာပြီး နေရပ်သို့ပြန်လည်ရောက်လာခဲ့သည်။ ထိုဆရာမလေးက သူ့လိုခေတ်သစ်ကျေးကျွန်စနစ်၏ သားကောင်မဖြစ်အောင် ရှောင်ကြဉ်ကြစေလိုကြောင်း၊ လူကုန်ကူးမှုပညာပေးဟောပြောပွဲ များတွင် အရှက်ကိုပခေါနမထားဘဲ လှုံ့ဆော်ဟောပြောနေပါသည်။ ခေတ်သစ်ကျေးကျွန်စနစ်၏သားကောင်များ၊ လောကငရဲခံစားနေကြရပုံ အဖုံဖုံကို လှုံ့ဆော်ပညာပေးနေသည့်ကြားမှ ပွဲစားမျိုးစုံ၊ ကုမ္ပဏီမျိုးစုံနှင့် အောက်လမ်းများမှ ထွက်ခွာသွားကြသူများ၊ နေရာအနှံ့အပြားတွင် ဖမ်းဆီးအရေးယူခံနေကြသည့် သတင်းမျိုးစုံကို ကြားသိနေကြရသော အခါ စာနာစိတ်နှင့်ရင်နင့်နေကြရသည်။

လူကုန်ကူးမှုအန္တရာယ်ကို သိကြသူတိုင်းသည် လူကုန်ကူးမည့်အရိပ်အခြည်များကို မြင်တွေ့ကြားသိကြပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ခွဲအဆင့်ဆင့်သို့ လျင်မြန်စွာသတင်းပို့ကူညီကြစေချင်သည်။ သတင်းပေးကူညီသူများကြောင့် လူကုန်ကူးမှုအန္တရာယ်မှ ကယ်တင်နိုင်မှုများ မြောက်မြားစွာရှိသည်။

ကျွန်တော်တို့စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်ပညာရှင်များနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေးကျင်းပနေစဉ် မြန်မာမိန်းကလေး ၁၄ ဦး၊ မလေးရှားသို့ရောက်သွားခဲ့ကြပြီး သုံးလအကြာမှာ အလုပ်ရှင်က ဒေဝါလီခံလိုက်သောကြောင့် အလုပ်လက်မဲ့ဖြစ်ကုန်ကြပြီး ကူကယ်ရာမဲ့ဘဝများသို့ရောက်နေကြကြောင်း၊ ကြာလျှင်ပြည့်တန်ဆာများဖြစ်ကုန်ကြမည်ကို စိုးရိမ်နေရကြောင်း၊ မိန်းကလေးတစ်ဦး၏မိခင်တစ်ဦးက ဖုန်းဖြင့်ဆက်သွယ်အကူအညီတောင်းခံလာခဲ့ရာ ထိုအချိန်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ်ခင်မောင်စီက ချက်ချင်းပင် ကုမ္ပဏီနာမည်ကိုစုံစမ်းပြီး မလေးရှားရဲတပ်ဖွဲ့နှင့် ဆက်သွယ်ညှိနှိုင်းခဲ့ရာ အဆင်ပြေသွားသည်။

ထိုဖြစ်ရပ်ကိုကြည့်ပြီး ကျွန်တော်တို့အားလုံး ပြုံးပျော်ပီတိဖြစ်သွားခဲ့ကြရသည်။ ရိုက်စားလုပ်နေကြသော (တစ်နည်းအားဖြင့်) လူကုန်ကူးမှုခွင်ကို ဖန်တီးနေကြသော ကုမ္ပဏီအမည်ခံများလည်း ရှိနေပါလား။ ခေတ်သစ်ကျေးကျွန်စနစ်အတွက် သားကောင်ရှာဖွေနေကြသူများ များပြားနေပါလားဟူသောအသိကိုလည်းရခဲ့ကြသည်။

အချုပ်ဆိုရလျှင် ဝါဝါမြင်တိုင်း ရွှေမထင်ကြပါနှင့်။ အယုံမလွယ်ကြပါနှင့်။ အချစ်ကိုယုံပြီးပုံမအပ်ကြပါနှင့်။ အားနာမှုမလွန်ကဲပါနှင့်။ အချောင်မလိုချင်ကြပါနှင့်။ အရချောင်လျှင် အချောင်ခံရတတ်ပါသည်။ ဖြတ်လမ်းလိုက်ပြီး မကြီးပွားချင်ကြပါနှင့်။ ရောင့်ရဲတင်းတိမ်နိုင်ကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

## စာဖွဲ့မမီ နွေဦးပန်းချီ

\- နွေအကူးပေမို့
လေရူးရယ်က တသုန်သုန်၊
ရော်ရွက်ဝါ မြေမှာသက်
လျောင်းစက်လို့ပုံ၊
ပုရစ်ဖူး နုအငုံ
ရဂုံတစ်ခွင် နီတာထွေး၊
သရဖီ ရွှေအင်ကြင်းတို့
သင်းမြမြမွှေး။

\- မြိုင်တစ်ကြောမှာဖြင့်
ရွှေဥဩ ဟန်မူပို၊
ကြင်သက်လျာ မျှော်ရည်မှန်းလို့
လွမ်းဖွဲ့တေးဆို၊
ကျေးငှက်အပေါင်း သံချိုချို
နေညိုချိန် တီတာနွဲ့၊
တူမောင်မယ် အိပ်တန်းတက်
လည်ယှက်ရင်းကွဲ့။

\- စိမ်းလဲ့ပြာ ရေယဉ်ကြောမှာတော့
လှေမျှောလို့ ပိုက်ကွန်ဆင်၊
တံငါပျို သူ့မယားရယ်က
ကမ်းနားရေငင်၊
ဂေါ်ယာကျွန်း နေအဝင်
နှစ်ကိုယ်ယှဉ် လက်ဆုံနွဲ၊
အခြေမလှပေမယ့်
အတူတကွ နေထိုင်လို့
သစ္စာခိုင် မေတ္တာယှက်တော့
ကွယ်...
နှစ် ရာဆက်မြဲ။ ။

**စိုင်းနေဝင်း(ဟုမ္မလင်း)**

## နိုင်ငံတကာ သတင်းများ

# ကျေးရွာများပေါ် မှားယွင်းဗုံးကြဲချခဲ့သောလေယာဉ်မှူးများကို ရာဇဝတ်မှုမြောက်သည့်ပေါ့ဆမှုဖြင့် တောင်ကိုရီးယားစစ်ဘက်က တရားစွဲဆို



**ဆိုးလ် မတ် ၁၃**

ပြီးခဲ့သည့် ရက်သတ္တပတ်က ကျေးရွာတစ်ရွာပေါ်သို့ ဗုံးများ မှားယွင်းစွာကြဲချခဲ့သည့် လေတပ်လေယာဉ်မှူးနှစ်ဦးကို တောင်ကိုရီးယားစစ်ဘက်စုံစမ်းစစ်ဆေးရေးမှူးများက ရာဇဝတ်မှုမြောက်သည့် ပေါ့ဆမှုဖြင့်တရားစွဲဆိုထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ပြုလုပ်ခဲ့သည့် ကျည်အစစ်သုံး စစ်ရေးလေ့ကျင့်မှုများတွင် တောင်ကိုရီးယားလေတပ်မှ စစ်လေယာဉ်များက ကျေးရွာတစ်ရွာပေါ်သို့ ဗုံးရှစ်လုံး မှားယွင်းကြဲချခဲ့ကြသည်။

အဆိုပါဖြစ်စဉ်ကြောင့် ဗုံးကျခဲ့သော ကျေးရွာ၌ အနည်းဆုံး လူ ၂၉ ဦး ဒဏ်ရာများရရှိခဲ့ပြီး အပျက်အစီးများလည်းရှိခဲ့ကြောင်း သိရသည်။

လူနေကျေးရွာပေါ်သို့ ဗုံးများမှားယွင်းကြဲချမှုမှာ လေယာဉ်မှူးများ၏ အမှားကြောင့် ဖြစ်ပေါ်ခဲ့ရကြောင်း တောင်ကိုရီးယားစစ်ဘက်စုံစမ်းစစ်ဆေးရေးမှူးများက အတည်ပြုထားသည်။

လက်ရှိအချိန်တွင် လေယာဉ်မှူးများကို ရာဇဝတ်မှုမြောက်သည့် ပေါ့ဆမှုဖြင့်တရားစွဲဆိုထားကြောင်း တောင်ကိုရီးယားစစ်ဘက် စုံစမ်းစစ်ဆေးရေးမှူးများက ယနေ့တွင် ပြောကြားခဲ့သည်။

တောင်ကိုရီးယား လေတပ်မှ လေယာဉ်မှူးများ ဗုံးများမှားယွင်းကြဲချခဲ့သောကျေးရွာမှာ မြောက်ကိုရီးယားအနီးတွင် တည်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ရုရှားသမ္မတ ပူတင် ခါ့ခ်ျနယ်မြေသို့ သွားရောက်

**မော်စကို မတ် ၁၃**

ရုရှားနိုင်ငံအနောက်ပိုင်းခါ့ခ်ျနယ်မြေသို့ ရုရှားသမ္မတပူတင် သွားရောက်ခဲ့ကြောင်း ရုရှားနိုင်ငံပိုင် မီဒီယာများက မတ် ၁၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားသမ္မတပူတင်သည် ခါ့ခ်ျနယ်မြေဒေသအချို့ကို ယူကရိန်းတပ်များက သိမ်းပိုက်ခဲ့ပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ခါ့ခ်ျနယ်မြေသို့သွားရောက်ခဲ့ခြင်းဖြစ်သည်။

ရုရှားနိုင်ငံပိုင်မီဒီယာများက သမ္မတပူတင် မတ် ၁၂ ရက်တွင် ခါ့ခ်ျနယ်မြေရှိ ရုရှားစစ်ဘက်ကွပ်ကဲရေးဌာနတစ်ခုသို့သွားရောက်ခဲ့ပြီး ရုရှားစစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂျီရာဆီမော့ဗ်အပါအဝင် ရုရှားထိပ်တန်းစစ်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ခါ့ခ်ျနယ်မြေအတွင်းရှိ လက်ကျန် ယူကရိန်းတပ်များကို အချိန်တိုအတွင်း ရှင်းလင်းရန် သမ္မတပူတင်က ဗိုလ်ချုပ်ကြီးဂျီရာဆီမော့ဗ်ကို ညွှန်ကြားခဲ့ကြောင်း ရုရှားမီဒီယာများ၏ အဆိုအရ သိရသည်။

ထို့ပြင် ခါ့ခ်ျနယ်မြေအတွင်း လက်ရဖမ်းဆီးနိုင်ခဲ့သော ယူကရိန်းတပ်ဖွဲ့ဝင်များကို စစ်သုံ့ပန်းများအဖြစ်ထက် အကြမ်းဖက်သမားများအဖြစ်သာ ဆက်ဆံသင့်ကြောင်း သမ္မတပူတင်က ခါ့ခ်ျနယ်မြေခရီးစဉ်အတွင်း ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားတပ်များသည် ခါ့ခ်ျနယ်မြေအတွင်းရှိ ယူကရိန်းတပ်များကို ဖြတ်တောက်ပိတ်ဆို့ထားကြောင်း သိရသည်။

Ref : RT

Trs : KKO




# ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘလူချီစတန်ပြည်နယ်ခွဲထွက်ရေးဝါဒီများ ပြန်ပေးဆွဲထားသည့် ရထားပေါ်မှ ခရီးသည်များကို ကယ်တင်နိုင်ခဲ့

**အစ္စလာမ္မာဘတ် မတ် ၁၃**

ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဘလူချီစတန်ခွဲထွက်ရေးဝါဒီများ ပြန်ပေးဆွဲထားသည့် ခရီးသည်တင်ရထားကို မတ် ၁၂ ရက်တွင် စီးနင်းခဲ့ပြီးနောက် ခရီးသည်အားလုံး ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း သိရသည်။

ပြန်ပေးဆွဲခံထားရသည့် ခရီးသည်တင်ရထားကို စီးနင်းနေစဉ် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘလူချီစတန်ခွဲထွက်ရေးဝါဒီစစ်သွေးကြွ ၃၃ ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဘလူချီစတန်ပြည်နယ် ခွဲထွက်ရေးဝါဒီ စစ်သွေးကြွများသည် ပြည်နယ်မြို့တော် ကွတ်တားမှ ခိုင်ဘာပခ်တူန်ခွာပြည်နယ် ပက်ရှ်ဝါမြို့သို့ ခုတ်မောင်းနေသော အဆိုပါခရီးသည်တင်ရထားကို မတ် ၁၁ ရက်က ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

ဘလူချီစတန်ပြည်နယ်ခွဲထွက်ရေးဝါဒီများ ပြန်ပေးဆွဲခဲ့သော ခရီးသည်တင်ရထားပေါ်တွင် ခရီးသည်ဦးရေ၄၅၀ ခန့် လိုက်ပါလာကြောင်း သိရသည်။

ပြန်ပေးဆွဲခံထားရသည့်ရထားကို စီးနင်းတိုက်ခိုက်စဉ် ခွဲထွက်ရေးဝါဒီစစ်သွေးကြွများ ဖမ်းဆီးထားသော ခရီးသည်ဓားစာခံ ၂၁ ဦးနှင့် ပါကစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင် လေးဦးလည်း သေဆုံးခဲ့ရသည်။

ခရီးသည်တင်ရထားပြန်ပေးဆွဲခံရမှုကို ဘယ်လော့ချ်လွတ်မြောက်ရေး တပ်မတော်အမည်ရှိ ဘလူချီစတန်ပြည်နယ် ခွဲထွက်ရေး စစ်သွေးကြွအုပ်စုက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO




# အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ဟန်ဂေရီနိုင်ငံသို့ သွားရောက်မည်

**ဂျေရုဆလင် မတ် ၁၃**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် လာမည့် ရက်သတ္တပတ်အတွင်း ဟန်ဂေရီနိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ် သွားရောက်မည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အစ္စရေးဝန်ကြီးချုပ်သည် နိုင်ငံတကာ ရာဇဝတ်တရားရုံး(အိုင်စီစီ)က ဂါဇာကမ်းမြောင်စစ်ပွဲကို အကြောင်းပြု၍ ဖမ်းဝရမ်းထုတ်ထားသည့်တိုင် ဟန်ဂေရီနိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘင်သည် ဟန်ဂေရီသို့လာရောက်ရေးအတွက် အစ္စရေးဝန်ကြီးချုပ်ကို ပြီးခဲ့သည့်နှစ် နိုဝင်ဘာလကပင် တရားဝင်ဖိတ်ကြားထားပြီးဖြစ်သည်။

မိမိအနေဖြင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအပေါ် အိုင်စီစီက ထုတ်ထားသည့် ဖမ်းဝရမ်းကို လိုက်နာဆောင်ရွက်လိမ့်မည်မဟုတ်ကြောင်း ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘင်က ပြောကြားထားပြီးဖြစ်သည်။

ဝန်ကြီးချုပ် နေတန်ယာဟုအနေဖြင့် ဟန်ဂေရီနိုင်ငံသို့ ဧပြီ ၂၀ ရက်မတိုင်မီကာလအတွင်းဟန်ဂေရီနိုင်ငံသို့ သွားရောက်နိုင်ကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးမှ တာဝန်ရှိသူများက ပြောကြားသည်။

အိုင်စီစီတရားရုံးသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအား ဖမ်းဝရမ်းထုတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဘိုလီဗီးယား၌ ခရီးသည်တင်ဘတ်စကားတစ်စီး လမ်းချော်တိမ်းမှောက် အနည်းဆုံး ခရီးသည် ၁၃ ဦး သေဆုံးခဲ့

**လာပက်ဇ် မတ် ၁၃**

ဘိုလီဗီးယားနိုင်ငံ အနောက်ပိုင်း ပိုတိုဆီဒေသ အဝေးပြေးလမ်းပေါ်၌ ခရီးသည်တင် ဘတ်စကားတစ်စီး ကျောက်တုံးတစ်တုံးကို ဝင်တိုက်မိ၍ လမ်းချော်တိမ်းမှောက် ခဲ့ရာ အနည်းဆုံး ခရီးသည် ၁၃ ဦး သေဆုံးခဲ့ရကြောင်း မတ် ၁၂ ရက်သတင်းများတွင် ဖော်ပြထားသည်။

မတ်၁၂ရက်ကဖြစ်ပွားခဲ့သော ခရီးသည်တင် ဘတ်စကားတိမ်းမှောက်မှုတွင် လူဦးရေ ၂၀ ကျော် ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ပိုတိုဆီဒေသ၌ မိုးအကြီးအကျယ်ရွာသွန်းမှုကြောင့် မြေပြိုမှုဖြစ်ပွားနေချိန်တွင် ဘတ်စကားမတော်တဆမှု ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။

ပြီးခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း ဘိုလီဗီးယားနိုင်ငံ၌ လူအသေအပျောက်များသည့် ယာဉ်မတော်တဆမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

ယခုနှစ်အတွင်း လက်ရှိကာလထိ ဘိုလီဗီးယားနိုင်ငံ၌ ယာဉ်မတော်တဆမှုများကြောင့် လူ ၁၂၇ ဦး သေဆုံး၍ ဦးရေ ၂၀၀ ကျော်မှာ ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါကိန်းဂဏန်းများမှာ မတ် ၁၂ရက်ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူနှင့် ဒဏ်ရာရသူများကို ထည့်သွင်း တွက်ချက်ခဲ့ခြင်းမရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ကမ္ဘာဂြိုဟ်နှင့် ဒုတိယအနီးဆုံးကြယ်ဖြစ်သည့် ဘားနဒ်ကြယ်ကို ဂြိုဟ်ငယ်လေးစင်းက ဗဟိုပြုလှည့်ပတ်နေ



**ဝါရှင်တန် မတ် ၁၃**

ကမ္ဘာဂြိုဟ်နှင့် ဒုတိယအနီးဆုံးကြယ်ဖြစ်သည့် ဘားနဒ်ကြယ်ကို ဂြိုဟ်ငယ်လေးစင်းက ဗဟိုပြုလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက မတ် ၁၂ ရက်တွင် ပြောကြားသည်။

ဘားနဒ်ကြယ်ကို ဗဟိုပြုလှည့်ပတ်နေသည့် အဆိုပါဂြိုဟ်ငယ်လေးစင်းကို ချီကာဂိုတက္ကသိုလ်မှ အမေရိကန် သိပ္ပံပညာရှင်များ ဦးဆောင်သည့် နိုင်ငံတကာ သိပ္ပံပညာရှင်များက ဂျီမီနီရေဒီယို တယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဘားနဒ်ကြယ်ကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်ငယ်လေးစင်းလုံးမှာ အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်အရွယ်အစား၏ ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိသာ ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ၎င်းဂြိုဟ်ငယ် လေးစင်းသည် ဘားနဒ်ကြယ်ကို အနီးကပ်လှည့်ပတ်နေသည့် ဂြိုဟ်များဖြစ်ပြီး အပူဓာတ်လွန်စွာပြင်းထန်သည်ဖြစ်ရာ သက်ရှိများရှင်သန်နိုင်မည့် အခြေအနေမျိုးမရှိကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

၁၉၁၆ ခုနှစ်တွင် တွေ့ရှိခဲ့ရသော ဘားနဒ်ကြယ်သည် ကမ္ဘာဂြိုဟ်နှင့် ဒုတိယအနီးဆုံးကြယ်ဖြစ်ပြီး အလင်းနှစ် ခြောက်နှစ်အကွာတွင် တည်ရှိကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်နှင့် အနီးဆုံးကြယ်စနစ်မှာ အယ်လ်ဖာစင်တော်ရီကြယ်စနစ်ဖြစ်ပြီး အလင်းနှစ်လေးနှစ်အကွာတွင် တည်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာက SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့


**ဝါရှင်တန် မတ် ၁၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် မတ် ၁၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း မတ် ၁၂ ရက် သတင်းများအရ သိရသည်။

SPHEREx အာကာသရေဒီယိုတယ်လီစကုပ် သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် SPHEREx အာကာသရေဒီယိုတယ်လီစကုပ်ကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

SPHEREx အာကာသရေဒီယို တယ်လီစကုပ်သည် လူသားတို့၏ သာမန်မျက်စိဖြင့် မြင်တွေ့နိုင်မှု မရှိသည့် အာကာသနယ်မြေများကို အနီအောက်ရောင်ခြည်လှိုင်းများဖြင့် စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ အာကာသရေဒီယိုတယ်လီစကုပ်သည် မစ်ရှင်သက်တမ်းတစ်လျှောက်လုံးတွင် ကြယ်စုပေါင်း သန်း ၄၅၀ နှင့် နဂါးငွေ့တန်းကြယ်စုအတွင်းရှိကြယ်ပေါင်း သန်း ၁၀၀ ကျော်တို့၏ အချက်အလက်များကို ရယူပေးမည်ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် မတ် ၁၁ ရက်တွင် SPHEREx အာကာသရေဒီယို တယ်လီစကုပ်နှင့်အတူ PUNCH အမည်ရှိ နေလေ့လာရေး ဂြိုဟ်တုစနစ်တစ်ခုကိုပါ လွှတ်တင်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဥရောပအနောက်ပိုင်း၏ ရှေးအကျဆုံးရှေးဦးလူကျောက်ဖြစ်ရုပ်ကြွင်းများကို စပိန်နိုင်ငံ၌ သိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိ

**မက်ဒရစ် မတ် ၁၃**

ဥရောပအနောက်ပိုင်း၏ ရှေးအကျဆုံး ရှေးဦးလူကျောက်ဖြစ်ရုပ်ကြွင်းများကို စပိန်နိုင်ငံ၌ သိပ္ပံပညာရှင်များက တူးဖော်တွေ့ရှိထားကြောင်း မတ် ၁၂ ရက် သတင်းများအရ သိရသည်။

စပိန်သိပ္ပံပညာရှင်များ တူးဖော်တွေ့ရှိခဲ့ရသည့် ရှေးဦးလူဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းမှာ သက်တမ်းအားဖြင့် နှစ်ပေါင်း ၁ ဒသမ ၁ သန်းနှင့် ၁ ဒသမ ၄ သန်းကြား ထိရှိသည်။

အထက်ပါ ကျောက်ဖြစ်ရုပ်ကြွင်း အထောက်အထားအရ အနောက်ဥရောပသို့ ရှေးဦးလူတူများ ရောက်ရှိလာချိန်မှာ မူလတွေးထင်ထားသည်ထက် များစွာ ပိုစောသည်ကို တွေ့ရကြောင်း စပိန် သိပ္ပံပညာရှင်များက ပြောကြားသည်။

စပိန်သိပ္ပံပညာရှင်များတွေ့ရှိထားရသည့် ရှေးဦးလူတူဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းသည် မတ်ရပ်လူ (Homo Crectus) များ၏ ဦးခေါင်းခွံ ကျောက်ဖြစ်ရုပ်ကြွင်းများနှင့် ဇီဝလက္ခဏာအတော်များများ တူညီမှုရှိသော်လည်း ကွဲပြားမှုတချို့လည်းရှိနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

မတ်ရပ်လူများသည် လွန်ခဲ့သောနှစ်ပေါင်း နှစ်သန်းခန့်က အာဖရိကတိုက်တွင် စတင်ပေါ်ထွက်လာခဲ့ပြီး နောက်ပိုင်းတွင် အာရှနှင့်ဥရောပသို့ ဝင်ရောက်လာခဲ့ကြခြင်းဖြစ်သည်။

စပိန်သိပ္ပံပညာရှင်များ တွေ့ရှိခဲ့ရသော ဦးခေါင်းခွံကျောက်ဖြစ်ရုပ်ကြွင်းသည် အနောက်ဥရောပသို့ အစောဆုံးရောက်ရှိလာသည့် မတ်ရပ်လူတစ်ဦး၏ ဦးခေါင်းခွံဖြစ်ဖွယ်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ကိုယ်အလေးချိန်လျှော့ချရေးဆေးများကြောင့် စိတ်ကျရောဂါဝင်နိုင်ခြေ မြင့်မားလာနိုင်

**တိုင်ပေ မတ် ၁၃**

Wegovy နှင့် Ozempic ကဲ့သို့ GLP-1 အုပ်စုဝင် ကိုယ်အလေးချိန်လျှော့ချရေး ဆေးများကြောင့် စိတ်ကျရောဂါဝင်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၁၂ ရက်တွင် ပြောကြားသည်။

တရုတ်(တိုင်ပေ) ချောင်ရှန်းဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏အဆိုအရ GLP-1 အုပ်စုဝင်ဆေး သုံးစွဲသူများတွင် စိတ်ကျရောဂါဝင်နိုင်ခြေ ပုံမှန်ထက် သုံးဆ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် GLP-1 အုပ်စုဝင်ဆေးများကြောင့် စိုးရိမ်သောကဝေဒနာဝင်နိုင်ခြေမှာလည်း ပုံမှန်ထက် နှစ်ဆမြင့်တက်လာနိုင်ပြီး ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်နိုင်ခြေမှာလည်း GLP-1 ဆေးမသုံးစွဲသူများထက် သုံးဆပို၍မြင့်မားကြောင်း တရုတ်(တိုင်ပေ) သုတေသန ပညာရှင်များက ပြောကြားသည်။

တရုတ်(တိုင်ပေ) သုတေသနပညာရှင်များသည် အဝလွန်သူဦးရေ ၁၆၀၀၀၀ ပါဝင်သော လေ့လာချက်မှရရှိသည့် အချက်အလက်များကို ဆန်းစစ်ခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်သည်။

စိတ်ကျဝေဒနာသည် အသုံးများသည့်ဆေးဝါးအတော်များများ၏ ဘေးထွက်ဆိုးကျိုးတစ်မျိုးဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

၂၀၁၈ ခုနှစ်တွင်ပြုလုပ်ခဲ့သည့် လေ့လာချက်တစ်ရပ်အရ အမေရိကန်နိုင်ငံသား အရွယ်ရောက်သူ သုံးပုံတစ်ပုံကျော်မှာ စိတ်ကျဝေဒနာ ဘေးထွက်ဆိုးကျိုးရှိသည့် ဆေးဝါးများ သုံးစွဲနေရကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကာဘိုဟိုက်ဒရိတ်နည်းသည့် ဓာတ်စာများကြောင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်မားနိုင်

**အော့တဝါ မတ် ၁၃**

ကာဘိုဟိုက်ဒရိတ် ပါဝင်မှုနည်းပါးသည့်ဓာတ်စာများကြောင့် အူမကြီးကင်ဆာဖြစ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက မတ် ၁၂ ရက်တွင် ပြောကြားသည်။

ကာဘိုဟိုက်ဒရိတ် ပါဝင်မှုနည်းပါးသည့် အစားအစာများကြောင့် အစာခြေလမ်းကြောင်းစနစ် ဇက်တီးရီးယားတချို့၏ ကင်ဆာ ဖြစ်ပွားစေတတ်သော အကျိုးသက်ရောက်မှုများ ပို၍ဆိုးရွားလာတတ်ကြောင်း ကနေဒါ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကာဘိုဟိုက်ဒရိတ်ပါဝင်မှုနည်းပါးသည့်ဓာတ်စာများကြောင့် အစာခြေလမ်းကြောင်းစနစ် ဇက်တီးရီးယားတချို့၏ မျိုးဗီဇအခြေခံမော်လီကျူး(DNA)များကိုဖျက်ဆီးနိုင်စွမ်း ပိုကြီးမားလာတတ်ရာ အူမကြီးကင်ဆာဖြစ်နိုင်ခြေလည်း မြင့်မားလာနိုင်ကြောင်း ကနေဒါ သုတေသန ပညာရှင်များက ပြောကြားသည်။

အူမကြီးကင်ဆာ ရောဂါဖြစ်ပွားမှုအတွက် နောက်ခံအကြောင်းတရား အများအပြားရှိရာ ကာဘိုဟိုက်ဒရိတ်ပါဝင်မှုနည်းပါးသည့် အစားအစာများ စားသုံးမှုသည်လည်း ပါဝင်နေနိုင်သည်ဟု ကနေဒါ သုတေသန ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## ကွာရာဘောင်းဖလား ဗိုလ်လုပွဲကို အာနိုး လွဲချော်မည်ဟု လီဗာပူးအသင်း ထုတ်ပြန်

လန်ဒန် မတ် ၁၃

ခံစစ်ကစားသမား အာနိုးသည် လီဗာပူးအသင်းနှင့် ပီအက်စ်ဂျီ အသင်းတို့ ကစားခဲ့သည့် ချန်ပီယံ လိဂ်ပြိုင်ပွဲတွင် ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့သောကြောင့် နယူး ကာဆယ်အသင်းနှင့် ကစားရမည့် ကွာရာဘောင်းဖလား ဗိုလ်လုပွဲစဉ် ကို လွဲချော်မည်ဟု လီဗာပူးအသင်း တာဝန်ရှိသူများက အတည်ပြု ထုတ်ပြန်ခဲ့သည်။

ပီအက်စ်ဂျီအသင်းနှင့် ပွဲစဉ် တွင် အာနိုးသည် လီဗာပူးအသင်း ခံစစ်ကြောင်းကို ဦးဆောင်လာခဲ့ပြီး အကောင်းဆုံး ခြေစွမ်းပြကစား နိုင်ခဲ့သော်လည်း ပွဲကစားချိန် မိနစ် ၇၀ အရောက်တွင် ခြေချင်း ဝတ်ဒဏ်ရာရရှိခဲ့သဖြင့် လိုအပ် သည့် ဆေးကုသမှုများ ခံယူခဲ့ရ ကာ ပြိုင်ပွဲကို ဆက်လက်ကစား နိုင်ခြင်းမရှိသောကြောင့် အသင်း ဖော်ကစားသမား ကွမ်ဆာဟ်နှင့် လူစားလဲခဲ့ရသည်။

အာနိုး၏ ဒဏ်ရာအခြေအနေ ကို အတိအကျထုတ်ပြန်နိုင်ခြင်း မရှိသေးသော်လည်း ကစား သမားအနေဖြင့် ဥမင်လိုဏ် အတွင်းသို့ ကိုယ်တိုင်လမ်း လျှောက်သွားနိုင်သဖြင့် ဒဏ်ရာ ပြင်းထန်မှုမရှိကြောင်း လီဗာပူး အသင်းက ခန့်မှန်းထားပြီး အသင်း နှင့် အမြန်ဆုံးပူးပေါင်းနိုင်မည်ဟု မျှော်လင့်ထားသည်။

သို့သော် မတ် ၁၆ ရက်တွင် ကစားရမည့် နယူးကာဆယ် အသင်းနှင့် ကွာရာဘောင်းဖလား ဗိုလ်လုပွဲတွင် ပါဝင်နိုင်မည် မဟုတ်ကြောင်း အသင်းတာဝန် ရှိသူများက ထုတ်ဖော်ပြောကြား ခဲ့သည်။

Ref : Daily mail

Trs : ML

## အာဆင်နယ်အသင်းက နွေရာသီအပြောင်းအရွှေ့တွင် စတာလင်ပေါင် သန်း ၃၀၀ ခန့်အသုံးပြုမည်

လန်ဒန် မတ် ၁၃

အာဆင်နယ် အသင်းက လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် ပြောင်း ရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀၀ ခန့်အသုံးပြုပြီး ကစားသမား သစ်များ ခေါ်ယူသွားမည်ဖြစ် ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် လိုအပ် ချက်များရှိနေသည့်အသင်းတိုက်စစ် ပိုင်းကို ဖြည့်တင်းလိုနေသကဲ့သို့ ဂျော်ဂျင်ဟိုနှင့် သောမက်ပါတေး ကို လက်လွှတ်ရမည်ဖြစ်သည့် အတွက် အသင်းကွင်းလယ် ပိုင်းကိုလည်း ကစားသမားသစ် များနှင့် အစားထိုးရန်ပြင်ဆင် လျက်ရှိပြီး အသင်းအားကစား ဒါရိုက်တာ ဘာတာက ကစား သမား ခုနစ်ဦးခန့်ထိကို ခေါ်ယူ သွားမည်ဟု အတည်ပြုထား ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်း တိုက်စစ်ပိုင်းအတွက် ဘီလ်ဘာအို အသင်းမှ နစ်ကိုဝီလီယံနှင့် နယူး ကာဆယ်အသင်းမှ အစ်ဆက်ခ်နှင့် ကွင်းလယ်ကစားသမား ဂွီမာရေး တို့ကိုလည်း ပစ်မှတ်ထားနေပြီး အစ်ဆက်ခ်ကိုခေါ်ယူရန် ခက်ခဲ မည်ဆိုပါက ဝုဗ်အသင်းမှ ကန်ဟာ နှင့် လိုက်ပ်ဇစ်အသင်းမှ ဆက်ကို တို့ကိုလည်း ခေါ်ယူရန် ပစ်မှတ် ထားနေကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

## အားကစားသတင်းအတိုအထွာများ

- ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပီအက်စ်ဂျီအသင်းအတွက် ပင်နယ်တီ နှစ်ကြိမ် ကာကွယ်မှုပြုလုပ်နိုင်ခဲ့သည့် ဂိုးသမား ဒွန်နာရမ်မာ သည် ပင်နယ်ဆီအဆုံးအဖြတ် ခုနစ်ကြိမ်တွင် ကာကွယ်မှု ပြုလုပ်၍ ခြောက်ကြိမ်ထိ အနိုင်ရခဲ့သည့် မှတ်တမ်းကောင်းကို ပိုင်ဆိုင်ခဲ့ပြီး အေဗီလာအသင်းဂိုးသမား မာတီနက်ဇ်၏စံချိန်ကို လိုက်မီခဲ့ကြောင်း သိရသည်။
- ကွင်းလယ်ကစားသမား ပူလီဆစ်သည် အေစီမီလန်အသင်းနှင့် လာမည့် ၂၀၂၇ ခုနှစ်မှ စာချုပ်ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းတာဝန်ရှိသူများက ကစားသမား၏ ခြေစွမ်းပိုင်းကြောင့် စာချုပ်သစ်ချုပ်ဆိုရန် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။

ML

## AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းက Savy Rieng အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



ရန်ကုန် မတ် ၁၃

AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယအကျော့ ပွဲစဉ်အဖြစ် ယနေ့ညနေ ၅ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစား ကွင်းတွင် ရှမ်းယူနိုက်တက်အသင်း နှင့် ကမ္ဘောဒီးယားကလပ် Savy Rieng အသင်းတို့ ကစားခဲ့ရာ ရှမ်း ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှမ်းယူနိုက် တက်အသင်းက အိမ်ကွင်းတွင် Savy Rieng အသင်းကို အကောင်း ဆုံးဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် တစ်မိနစ်တွင် ခွန်ကျော်ဇင် ဟိန်းနှင့် ပွဲချိန် ၂၆ မိနစ်တွင် ရဲရင့် အောင်က ရှမ်းယူနိုက်တက်အသင်း အတွက် ဦးဆောင်ဂိုး သွင်းယူနိုင် ခဲ့သည့်အတွက် ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန် လည်စတင်ချိန်တွင် Savy Rieng အသင်းက ချေပဂိုးများအတွက် ပြန်လည် ဖိအားပေးမှုများကြောင့် ပွဲချိန် ၅၆ မိနစ်တွင် ပင်နယ်တီ ကန်သွင်းခွင့်ရရှိခဲ့ကာ မက်သရူး က အမှားအယွင်းမရှိ ကန်သွင်း နိုင်ခဲ့သည့်အတွက် ချေပဂိုး တစ်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့ သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

AFC Challenge League ပြိုင်ပွဲ ကွာတားဖိုင်နယ် ပထမအကျော့ တွင် Savy Rieng အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိ ခဲ့ပြီး ဒုတိယအကျော့တွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း Savy Rieng အသင်းက နှစ်ကျော့ ပေါင်း ခုနစ်ဂိုး လေးဂိုးဖြင့် အနိုင် ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိ ရသည်။

STA

## ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ ရီးရဲလ်မက်ဒရစ်အသင်း တက်ရောက်

မက်ဒရစ် မတ် ၁၃

ရီးရဲလ်မက်ဒရစ်အသင်းသည် အေတီကိုအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ် တွင် အေတီကိုအသင်းကို ပင်နယ် တီဖြင့် အနိုင်ရခဲ့ကာ ကွာတား ဖိုင်နယ်အဆင့်သို့ တက်ရောက် နိုင်ခဲ့ကြောင်း သိရသည်။



ရီးရဲလ်မက်ဒရစ်အသင်းအနေ ဖြင့် ပထမအကျော့အိမ်ကွင်းတွင် မြို့ခံပြိုင်ဘက် အေတီကိုအသင်း ကို ရိုဒရီဂို၊ ဒီယက်ဇ်တို့၏ သွင်းဂိုး များဖြင့် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင် ရခဲ့သော်လည်း ဒုတိယအကျော့ အဝေးကွင်းတွင် ပွဲစကတည်းက အေတီကိုအသင်း၏ ဦးဆောင်ဂိုး သွင်းယူခြင်းကိုခံခဲ့ရပြီး ဘောလုံး ပိုင်ဆိုင်မှု အသာရခဲ့သော်လည်း အေတီကိုအသင်းက တန်ပြန် တိုက်စစ်မှ ထိရောက်သည့် ဂိုးကန်သွင်းမှုများ ပိုမိုပြုလုပ် နိုင်ခဲ့သောကြောင့် ချေပဂိုးသွင်းယူ ရန် မဖြစ်နိုင်တော့ဘဲ တစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ထို့ကြောင့် နှစ်ကျော့ပေါင်း ရလဒ် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်နေသဖြင့် အချိန်ပိုဆက် လက်ကစားခဲ့ရာ တစ်ဖက်နှင့် တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပင်နယ်တီအဆုံး အဖြတ်သို့ရောက်ရှိခဲ့ပြီး ပင်နယ် တီတွင် ရီးရဲလ်မက်ဒရစ်က ငါးကြိမ်ကန်သွင်းခဲ့ရာ လေးကြိမ် ဂိုးရခဲ့သော်လည်း အေတီကို အသင်းက လေးကြိမ်တွင် နှစ်ကြိမ် သာ ဂိုးရခဲ့သဖြင့် လေးဂိုး နှစ်ဂိုးဖြင့် ရီးရဲလ်မက်ဒရစ်အသင်းက အနိုင် ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ကွာတား ဖိုင်နယ်အဆင့်တွင် အာဆင်နယ် အသင်းနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

Ref : 90min

Trs : ML

## Indian Wells တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ကျန်ကွင်းဝမ်တက်ရောက်

အင်ဒီးယန်းဝဲလ်စ် မတ် ၁၃

အမေရိကန်နိုင်ငံ ကယ်လီ ဖိုးနီးယားပြည်နယ် အင်ဒီးယန်း ဝဲလ်စ်မြို့တွင် ကျင်းပနေသည့် Indian Wells တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် တရုတ်တင်းနစ်မယ် ကျန်ကွင်း ဝမ်နှင့် ယူကရိန်းတင်းနစ်မယ် ကော့စ်ယူ့ခ်တို့ ယှဉ်ပြိုင်ကစားခဲ့ ရာ ကျန်ကွင်းဝမ်က(၆-၃၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတား ဖိုင်နယ်အဆင့်သို့ တက်ရောက် သွားကြောင်း ယနေ့တွင် ဖော်ပြ ခဲ့သည်။



ကျန်ကွင်းဝမ်သည် ၂၀၂၄ ခုနှစ် ပဲရစ်အိုလံပစ်အားကစား ပွဲတော်တွင် ရွှေတံဆိပ်ဆုရခဲ့စဉ်က စွမ်းဆောင်နိုင်ခဲ့သည့် စွမ်းဆောင် ရည်အတိုင်း စွမ်းဆောင်ပြနိုင်ခဲ့ပြီး ပြိုင်ပွဲတွင် အကောင်းဆုံးပုံစံရနေ သည့် ကော့စ်ယူ့ခ်အား ပြတ်သား သည့်ရလဒ်များဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

ထို့ပြင် ကျန်ကွင်းဝမ်သည် Indian Wells တင်းနစ်ပြိုင်ပွဲတွင် ပထမအဆင့်မှစတင်၍ စတုတ္ထ အဆင့်ပြီးဆုံးသည်အထိ ပွဲငယ် တစ်ပွဲပင် ရှုံးနိမ့်ထားခြင်းမရှိသေး သည့် ပြိုင်ပွဲဝင်အဖြစ် ရပ်တည် နေပြီး ချန်ပီယံဆုကိုဆွတ်ခူးနိုင်ရန် ရေပန်းစားနေသည့် ကစားသမား များစာရင်းတွင် ပါဝင်လာ ခဲ့သည်။

ကျန်ကွင်းဝမ်သည် ကွာတား ဖိုင်နယ်အဆင့်တွင် ကမ္ဘာ့အဆင့် (၂) တင်းနစ်မယ် စဝီယာတက်ခ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အမေရိကန်ကြည်းတပ်က ရဟတ်ယာဉ်တွင် Spike ဒုံးကျည်တပ်ဆင်၍ စမ်းသပ်အသုံးပြု



အမေရိကန်ကြည်းတပ်သည် အီရတ်နိုင်ငံ Erbil လေတပ်စခန်း၌ AH-64 Apache ရဟတ်ယာဉ်တွင် Spike NLOS (Non Line-of-Sight) ဒုံးကျည်တပ်ဆင်၍ မကြာသေးမီက စမ်းသပ်အသုံးပြုမှုများပြုလုပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက မတ် ၁၀ ရက်တွင်ရေးသားဖော်ပြခဲ့သည်။

အဆိုပါပျံသန်းမှုသည် အမှတ်(၁၀၁) လေကြောင်းတိုက်ခိုက်ရေး တပ်မဟာမှ AH-64 Apache ရဟတ်ယာဉ်ဖြင့် Rafael ကုမ္ပဏီထုတ် Spike ဒုံးကျည်၏ တိုက်ပွဲဝင်လက်တွေ့ စမ်းသပ်မှုတစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ သမားရိုးကျတိုက်ခိုက်ရေးတပ်ဖွဲ့တစ်ခုလက်အောက်ရှိ တိုက်ခိုက်ရေးလေယာဉ်တွင် Spike ဒုံးကျည်ကို ပထမဆုံးအကြိမ် တပ်ဆင်အသုံးပြု စမ်းသပ်ခဲ့ခြင်းဖြစ်သည်။ ယခင်က Spike ဒုံးကျည်ကို အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် Yuma စမ်းသပ်ရေးကွင်း၊ ဖလော်ရီဒါပြည်နယ် Eglin လေတပ်အခြေစိုက်စခန်းနှင့် ဂျာမနီနိုင်ငံတို့တွင် စမ်းသပ်ခဲ့ပြီးဖြစ်သည်။ မကြာသေးမီက စမ်းသပ်ပျံသန်းမှုသည် တိုက်ခိုက်ရေးရဟတ်ယာဉ်များတွင်တပ်ဆင်၍ လက်တွေ့တိုက်ပွဲဝင်ခြင်း မလုပ်ဆောင်မီ နောက်ဆုံးအဆင့်စမ်းသပ်မှုများထဲမှ တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

အမှတ်(၁၀၁) လေကြောင်းတိုက်ခိုက်ရေး တပ်မဟာသည် ပေါင်းစည်းလက်ရုံးတပ်များ၏ စစ်ဆင်ရေးများတွင် ကြည်းတပ် လေကြောင်းတပ်ဖွဲ့ကို အဆင့်မြင့်စွာ ပေါင်းစည်းချိတ်ဆက် ပါဝင်နိုင်ရေးအတွက် အခွင့်အလမ်းများ ရှာဖွေလျက်ရှိကြောင်း၊ AH-64E V6 onboard စနစ်များဖြင့် Spike ဒုံးကျည်များ တပ်ဆင်စမ်းသပ်ပျံသန်းခြင်းသည် တိုက်ပွဲဝင်အသင့်ဖြစ်နိုင်ငံ ကြက်အသုံးပြုနိုင်မှုတွင် အထောက်အကူဖြစ်စေပြီး ကြည်းတပ်အတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပိုမိုပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း တပ်မဟာမှူး ဗိုလ်မှူးကြီး Tyler Partridge က ပြောကြားခဲ့သည်။

အဆိုပါတပ်မဟာသည် အစ္စလာမ္မစ်နိုင်ငံတော်ကို တိုက်ခိုက်ချေမှုန်းလျက်ရှိသော စစ်ဆင်ရေးတစ်ခုဖြစ်သည့် Operation Inherent Resolve ဆင်နွှဲနေသော ပူးပေါင်းအထူးတပ်ဖွဲ့ကို စစ်ကူပေးရာတွင် Spike ဒုံးကျည်များ တပ်ဖြန့်အသုံးပြုသွားနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

Spike ဒုံးကျည်သည် Hellfire ဒုံးကျည်၏ စစ်ဆင်နိုင်သည့် အကွာအဝေး ၃၂ ကီလိုမီတာထက် လေးဆကျော်တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ AH-64 ရဟတ်ယာဉ်သည် AGM-114 Hellfire ဒုံးကျည်နှင့် AGM-179 ဝေဟင်မှမြေပြင်ပစ် ဒုံးကျည်နှစ်မျိုးစလုံးကို သယ်ဆောင်နိုင်ပြီး AGM-114 Hellfire ဒုံးကျည်သည် အကွာအဝေးခုနစ်ကီလိုမီတာမှ ၁၁ ကီလိုမီတာနှင့် AGM-179 ဒုံးကျည်သည် အကွာအဝေးရှစ်ကီလိုမီတာမှ ၁၆ ကီလိုမီတာ အသီးသီးတိုက်ပွဲဝင်နိုင်စွမ်းရှိကြသည်။ Electro-Optical နှင့် အနီအောက်ရောင်ခြည်အာရုံခံကိရိယာတပ်ဆင်ထားသော အဆိုပါဒုံးကျည်များတွင်ဘက်စုံသုံးထိပ်ဖူးမျိုးစုံ တပ်ဆင်အသုံးပြုနိုင်သည်။ အာရုံခံကိရိယာနှင့် ကြိုးမဲ့ဒေတာလင့်ခ်ဆက်သွယ်ရေးစနစ်တို့ပါရှိသည့်အတွက် ဒုံးကျည်ပျံသန်းမှု လမ်းကြောင်းတစ်လျှောက်လုံးတွင် အချိန်နှင့်တစ်ပြေးညီ ဗီဒီယိုနှင့်ရုပ်ပုံများ အော်ပရေတာထံပေးပို့နိုင်မည်ဖြစ်ပြီး အော်ပရေတာ၏ ထိန်းကျောင်းမှုဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် ပျံသန်းမှုအလယ်လောက်တွင် ပစ်မှတ်ပြောင်းလဲသတ်မှတ်ခြင်းနှင့် မစ်ရှင်ပယ်ဖျက်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ကြောင်း သိရသည်။

အမေရိကန် ကြည်းတပ်သည် တာဝေးပစ် တိကျလက်နက်ခဲယမ်းများ၏ ဝိသေသလက္ခဏာများကို အကဲဖြတ်ဆန်းစစ်နိုင်ရန် Interim-Long Range Precision Munition (I-LRPM) ဟူသော အစီအစဉ်တစ်ရပ် ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ ထိုအစီအစဉ်အတွက် Spike ဒုံးကျည်ကို ရွေးချယ်အသုံးပြုခဲ့သည်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် ပြိုင်ဘက်ကုမ္ပဏီများ၏ တင်ဒါအပြိုင်တင်သွင်းမှုများကြားမှ အဆိုပါဒုံးကျည်ကို ရွေးချယ်ခဲ့ခြင်းလည်းဖြစ်သည်။ အခြားပြိုင်ဘက်ကုမ္ပဏီများနှင့် သက်ဆိုင်ရာဒုံးကျည်အမျိုးအစားများကို အရေးအတွက်၊ အမည်နာမ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိကြောင်းလည်း အမေရိကန်ကြည်းတပ်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**US Army Flies Apache Armed with Spike Missile in Iraq** ကို ဘာသာပြန်ဆိုထားပါသည်။

## တရုတ်(တိုင်ပေ)က တိုက်ပွဲဝင်စွမ်းဆောင်ရည် အဆင့်မြှင့်တင်ရန်အတွက် တိုက်ခိုက်ရေးဒရုန်းလေးမျိုးဝယ်ယူရန် စီစဉ်နေ

တရုတ်(တိုင်ပေ)သည် ဒေသတွင်း ခြိမ်းခြောက်မှုများဖြင့် ရင်ဆိုင်နေရချိန်တွင် တိုက်ပွဲဝင်စွမ်းဆောင်ရည် အဆင့်မြှင့်တင်ရန်အတွက် ကာမီကာဇီတိုက်ခိုက်ရေး ဒရုန်းလေးမျိုး ဝယ်ယူရန်စီစဉ်နေကြောင်း The Defense Post သတင်းဌာနက မတ် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပထမအမျိုးအစားမှာ တာတိုတိုက်ခိုက်မှုများကို တိကျစွာလုပ်ဆောင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ကာမီကာဇီဒရုန်းအမျိုးအစားဖြစ်ပြီး ဒုတိယတစ်မျိုးမှာမူ လေပေါ်ပျံဝဲတိုက်ခိုက်နိုင်သည့် လက်နက်များဟု ရေပန်းစားလူကြိုက်များနေသည့် Loitering Munitions တိုက်ခိုက်ရေးဒရုန်းတစ်မျိုးပင်ဖြစ်သည်။ ကျန်နှစ်မျိုးမှာ ဒေါင်လိုက်အတက်အဆင်း ပျံသန်းစစ်ဆင်နိုင်မည့်ဒရုန်းများဖြစ်ကြပြီး ၎င်းတို့အနက် တစ်မျိုးမှာ ဒုံးကျည်များသယ်ဆောင်၍ ပစ်မှတ်များကို တိကျစွာတိုက်ခိုက်ချေမှုန်းနိုင်မည့် ဒရုန်းအမျိုးအစားဖြစ်သည်။

တရုတ်(တိုင်ပေ) သတင်းရင်းမြစ်များအရ ယခုလို ကာမီကာဇီဒရုန်း အမျိုးအစားလေးမျိုးထိ ဝယ်ယူဖြည့်တင်းမှုသည် တရုတ်နိုင်ငံ၏ မီးခိုးရောင်ဇုန်နည်းဗျူဟာများ တစ်နည်းအားဖြင့် ပဋိပက္ခဖြစ်ပွားခြင်းမဟုတ်သော်လည်း သာမန်သံတမန်ရေးရာ ဆောင်ရွက်မှုများထက်ကျော်လွန်၍ စောင့်ကြည့်သတိပေးခြင်းများနှင့်အတူ စစ်ရေးဆိုင်ရာ တိုးချဲ့လုပ်ဆောင်လာမှုများကို တန်ပြန်ရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

တာတိုပျံသန်းတိုက်ခိုက်နိုင်ရန် ဒီဇိုင်းထုတ်ထားသည့် ဒရုန်းများသည် ရန်သူ့တပ်တည်နေရာများအပေါ် တိုက်ရိုက်တိုက်ခိုက်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး Loitering Muntions တိုက်ခိုက်ရေးဒရုန်းများသည် ရှတ်ခြည်းတိုက်ခိုက်မှုများ လုပ်ဆောင်နိုင်စေရန် ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)ကို ပြည်မကြီးနှင့် မဖြစ်မနေ ပြန်လည်ပေါင်းစည်းရန် ရှုမြင်ထားပြီး လိုအပ်ပါက အင်အားသုံး၍ ပေါင်းစည်းသွားမည်ဟု အကြိမ်ပေါင်းများစွာ ထုတ်ဖော် ပြောကြားထားခဲ့ပြီးဖြစ်သည်။



တရုတ်(တိုင်ပေ)သည် ကာကွယ်ရေးကို ခိုင်မာအားကောင်းစေပြီး လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ကောင်းမွန်စွာ တုံ့ပြန်နိုင်ရန် ဒရုန်းများ၊ မောင်းသူမဲ့လေယာဉ်များအပါအဝင် မောင်းသူမဲ့စနစ်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ဆောင်ရွက်လာခဲ့သည်။ တရုတ်(တိုင်ပေ)သည် တရုတ်နိုင်ငံ၏ ဖြစ်နိုင်ခြေရှိသောအင်အားသုံးအရေးယူမှုအပေါ် ထိထိရောက်ရောက် တန်ပြန်ရန် တာဝေးပျံသန်းစစ်ဆင်နိုင်မည့်ဒရုန်းများ လိုအပ်မည်ဖြစ်ကြောင်း အမေရိကန် လုံခြုံရေးဗဟိုဌာနချုပ်က မှတ်ချက်ပြုခဲ့သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် တရုတ်(တိုင်ပေ) ကာကွယ်ရေးဝန်ကြီးဌာနသည် တိုက်ခိုက်ရေးဒရုန်းသစ် အစင်းရေ ၁၀၀၀ ခန့်ကို ဝယ်ယူရန် အမေရိကန်နှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပြီးဖြစ်ကြောင်း သိရသည်။

**Taiwan Military to Procure Four Types of Attack Drones: Official** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ပွင့်ပန်းရာထောင် ရနံ့ဆောင်သို့

## ပြည်စိုးညိမ်း

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် မတ်လ ၅ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် စိန့်ပီတာစဘတ်မြို့ရှိ Pulikovo လေဆိပ်သို့ ဆိုက်ရောက်ကြသည်။ စိန့်ပီတာစဘတ်မြို့သို့ရောက်ရှိပြီး မကြာမီ ယင်းနေ့ညနေပိုင်းမှာပင် ကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအခမ်းအနားကို စိန့်ပီတာစဘတ်အစိုးရဧည့်ဂေဟာ K2 ၌ ကျင်းပခဲ့ပြီး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

နှစ်နိုင်ငံဆက်ဆံရေးပိုမိုဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်နိုင်စေရေးအတွက် အချက်အချာကျသည့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ရုရှားနိုင်ငံ၏ သမိုင်းအစဉ်အလာကြီးမားပြီး နိုင်ငံရေး၊ စီးပွားရေး၊ ခေတ်မီသိပ္ပံနှင့်နည်းပညာ ထွန်းကားတိုးတက်နေသည့် စိန့်ပီတာစဘတ်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းအားဖြင့် မိမိတို့နှစ်နိုင်ငံ၏အကျိုးစီးပွားများကို ပေါင်းကူးတံတားသဖွယ် ပိုမိုဖော်ဆောင်နိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည်ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲအပြီး ယင်းနေ့ဒေသစံတော်ချိန် ညနေပိုင်းမှာပင် အစိုးရဧည့်ဂေဟာ K2ရှိအစည်းအဝေးခန်းမတွင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒားဘယ်ဂ်လော့ကို လက်ခံတွေ့ဆုံဆွေးနွေးခဲ့သည်။

စိန့်ပီတာစဘတ်မြို့တွင် စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး သယ်ယူပို့ဆောင်ရေးအတွက် အချက်အချာကျသည်။ ယခုအခါ မန္တလေးမြို့မှနေ၍ ရုရှားနိုင်ငံ နိုဗိုစီဗစ်မြို့နှင့် လေကြောင်းလိုင်းများ တိုက်ရိုက်ပျံသန်းပြေးဆွဲလျက်ရှိသည်။ စိန့်ပီတာစဘတ်မြို့နှင့်လည်း တိုးချဲ့ပျံသန်းနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။


ထိုနေ့ညပိုင်းတွင် စိန့်ပီတာစဘတ်မြို့ အုပ်ချုပ်ရေးမှူးက နိုင်ငံတော်အကြီးအကဲနှင့်တကွ ချစ်ကြည်ရေးကိုယ်စားလှယ်များကို စိန့်ပီတာစဘတ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ခရီးစဉ်စတုတ္ထနေ့ဖြစ်သော မတ်လ ၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲသည် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများနှင့် သင်တန်းတက်ရောက်နေသော သင်တန်းသားအရာရှိများကို တွေ့ဆုံခဲ့ပြီး မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်နိုင်ငံသို့ ဆက်လက်ထွက်ခွာခဲ့ရာ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။ မင့်စ်မြို့၏ ရာသီဥတုမှာ အနည်းငယ် အအေးဓာတ်လျော့နည်း၍ သာယာလျက်ရှိသည်။

ဘယ်လာရုစ်နိုင်ငံက နိုင်ငံတော်အကြီးအကဲအား နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များအားကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။ ယင်းနေ့ဒေသစံတော်ချိန် ညနေပိုင်းမှာပင် မင့်စ်မြို့ President ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ နို့ထွက်ပစ္စည်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်ရေးနှင့်နည်းပညာများ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့သည်။

၎င်းဟိုတယ်မှာပင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကို ဆက်လက်ကျင်းပခဲ့သည်။ မြန်မာနိုင်ငံအတွက် စီးပွားရေးဆိုင်ရာ အခွင့်အလမ်းကောင်းများစွာကို ဖော်ဆောင်နိုင်ခဲ့သည်။ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနားလည်မှုစာချွန်လွှာများကို မြန်မာနိုင်ငံဘက်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ တာဝန်ရှိသူများ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

မတ်လ ၇ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲအား ဘယ်လာရုစ်နိုင်ငံသမ္မတက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့်ကြိုဆိုသည်။ ထို့နောက် နှစ်နိုင်ငံ နိုင်ငံ့ခေါင်းဆောင်များ သီးသန့်ဆွေးနွေးပွဲနှင့် နှစ်နိုင်ငံနိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးမှုများအပြီးတွင် မီဒီယာများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအပြန်အလှန် ပူးတွဲကြေညာချက်များကို ထုတ်ပြန်နိုင်ခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အား အဂ္ဂမဟာသရေစည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းစဉ်။

မြန်မာနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်မှ စတင်ခဲ့ပြီး အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုကို အခိုင်အမာတည်ဆောက်ထားသည်။ ယနေ့တိုင် နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်းဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်းဆက်ဆံရေး၊ အစိုးရဌာနအချင်းချင်းဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုများ တိုးတက်ခိုင်မာလျက်ရှိသည်။ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှု၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်နွယ်မှုတို့မှတစ်ဆင့် နှစ်ဦးနှစ်ဖက်တူညီသည့် အနာဂတ်ကိုလျှောက်လှမ်းနိုင်ရန် စတင်လျက်ရှိသည်။


နိုင်ငံတော်အကြီးအကဲသည် ယင်းနေ့မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko တို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ ယခုခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကတိကဝတ်ကို ပြန်လည်အသက်သွင်းနိုင်ရန် မြန်မာနိုင်ငံဘက်က ကြိုးပမ်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါး၊ စက်မှုလက်မှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေးနှင့် ပညာသင်ကျောင်းသားများကို စေလွှတ်နိုင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးမှုညှိနှိုင်းမှုများကို အစပြုနိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံ၏ ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများပိုမိုရရှိနိုင်ရေးနှင့် စားနပ်ရိက္ခာပိုမိုဖူလုံမှုရှိစေရေးတို့ကို အလေးထားလေ့လာကာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိုပါ တိုးမြှင့်နိုင်တော့မည်ဖြစ်သည်။ လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများမှာ အတိုင်းအတာတစ်ခုအထိ တိုးတက်လျက်ရှိနေပြီလည်းဖြစ်သည်။

စာမျက်နှာ ၁၁ သို့ ➤





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Roscosmos အာကာသကော်ပိုရေးရှင်း၊ JSC Progress စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် စိန့်ပီတာစဘတ်မြို့အုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒားဘယ်ဂ်လော့တို့က ကောင်စစ်ဝန်ချုပ်ရုံးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

➤ စာမျက်နှာ ၁၀ မှအဆက်

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မတ်လ ၈ ရက်နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားနိုင်ငံ ဆာမားရာမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ထွက်ခွာခဲ့သည်။

နိုင်ငံတော်အကြီးအကဲသည် ပြည်ပခရီးစဉ်များတွင် နိုင်ငံတော်သမ္မတကြီးများအပါအဝင် အစိုးရအဖွဲ့ အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆွေးနွေးခြင်း၊ အစည်းအဝေးများ တက်ရောက်ခြင်း၊ စီးပွားရေးဖိုရမ်များ တက်ရောက်ခြင်းတို့အပြင် မိမိအနားယူရမည့် ကိုယ်ပိုင်အချိန်များကိုပင်အသုံးပြု၍ တက္ကသိုလ်များ၊ စက်ရုံ၊ အလုပ်ရုံများသို့ မနားမနေ သွားရောက်လေ့လာလေ့ရှိသည်ကို သတိပြုမိသည်။

မည်သည့်နိုင်ငံကိုရောက်ရှိသည်ဖြစ်စေ မိမိနိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေမည့် အတတ်ပညာ၊ အသိပညာရပ်တို့၏ ရင်းမြစ်ဖြစ်ထွန်းရာ နေရာများကို စိတ်ဝင်တစားလေ့လာစူးစမ်းလေ့ရှိသည်။ အကြီးအကဲအနေဖြင့် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးတွင် ပညာရေး၏ အရေးကြီးပုံကို အလေးအနက်ထားမှုက ထင်ရှားလှသည်။ ယခုလည်း ဆာမားရာမြို့သို့ ရောက်ရှိနေစဉ်အတွင်း Roscosmos အာကာသကော်ပိုရေးရှင်း၊ JSC Progress စက်ရုံသို့သွားရောက်လေ့လာခဲ့ပြီး နှစ်နိုင်ငံအကြား အာကာသနည်းပညာကို ငြိမ်းချမ်းစွာအသုံးချရေး ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နိုင်ငံနှင့် ပြည်သူအတွက်အကျိုးရှိမည့် ဂြိုဟ်တုလွှတ်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အာကာသနည်းပညာသင်တန်းများ တက်ရောက်နိုင်ရန် ပညာတော်သင်များပိုမိုစေလွှတ်နိုင်ရေးတို့ကို ဆွေးနွေးနိုင်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ဆာမားရာဒေသနှင့် တာလီကာတီဒေသတို့အကြား စက်မှုကဏ္ဍ၊ ဓာတ်မြေဩဇာထုတ်လုပ်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍနှင့်ပညာရေးကဏ္ဍတို့တွင် နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်း အပြန်အလှန်ဆွေးနွေးနိုင်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့စီးနင်းလိုက်ပါလာသည့် အထူးလေယာဉ်အား ရာသီဥတုကြောင့် နှင်းများဖုံးလွှမ်းနေသည့်အတွက် လေဆိပ်မှမထွက်ခွာမီ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်စဉ်။

နိုင်ငံတော်အကြီးအကဲသည် တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ဆာမားရာမြို့ Kurumoch အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် ညပိုင်းတွင် နိုဗိုစီဗစ်မြို့ သာမာရှဲဗာ လေဆိပ်သို့ရောက်ရှိကြသည်။ နိုဗိုစီဗစ်မြို့မှာ နှင်းများထူထပ်စွာကျဆင်းလျက်ရှိသည်။ အပူချိန်မှာ ရေခဲမှတ်အောက် ရောက်ရှိနေသည်။ အနုတ် ၆ ဒီဂရီစင်တီဂရိတ်ရှိသည်။

နိုင်ငံတော်အကြီးအကဲသည် မတ်လ ၉ ရက် ဒေသစံတော်ချိန် နံနက်ပိုင်းတွင် နိုဗိုစီဗစ်မြို့ Grand Autograph ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာတရာ့ဗနီကော့ဗ် အန်ဒရေ အလက်ဇန်ဒရိုဗစ်ချ်နှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ ကောင်စစ်ဝန်ချုပ်ရုံးဖွင့်ပွဲ အခမ်းအနားကို ၎င်းဟိုတယ်မှာပင် ကျင်းပခဲ့ရာ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။

ရုရှားနိုင်ငံ၏ အာရှတိုက်ဘက်အခြမ်းတွင်ရှိသည့် အဓိကစီးပွားရေး၊ ကုန်သွယ်ရေး၊ သိပ္ပံနည်းပညာ၊ စက်မှုနှင့် ငွေကြေးဆိုင်ရာဗဟိုချက်ဖြစ်သည့် နိုဗိုစီဗစ်မြို့သည် မြန်မာနိုင်ငံနှင့်တိုက်ရိုက်လေကြောင်းပြေးဆွဲလျက်ရှိသည့် တစ်ခုတည်းသော ရုရှားနိုင်ငံမှမြို့တစ်မြို့ဖြစ်သည်။ မန္တလေးမြို့နှင့် ညီအစ်မမြို့အဖြစ်ထူထောင်မှုနားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် မြို့လည်းဖြစ်သည်။

နိုင်ငံတော်အကြီးအကဲသည် ဖွင့်ပွဲအပြီးတွင် ကောင်စစ်ဝန်ချုပ်ရုံးသို့သွားရောက်၍ ဝန်ထမ်းမိသားစုများနှင့် သင်တန်းတက်ရောက်နေသည့် သင်တန်းသားအရာရှိများကို နွေးနွေးထွေးထွေးတွေ့ဆုံခဲ့သည်။ လိုအပ်ချက်များမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် အမိမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် မတ်လ ၉ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့ သာမာရှဲဗာလေဆိပ်သို့ ရောက်ရှိကြသည်။ လေယာဉ်ကွင်းတစ်ခုလုံးမှာ နှင်းတွေ ဖွေးဖွေးလှုပ်လှုပ် ကျဆင်းနေသည်။ အအေးဓာတ်က သိသိသာသာလွှမ်းခြုံနေသည်။ လေယာဉ်ကွင်းအဆောက်အအုံများမှာ ဝါဂွမ်းဆိုင်များဖုံးအုပ်ထားသည့်နှယ် ဖြူဖြူပွံ့ပွံ့ရှိနေကြလျက်။ နံဘေးဝန်းကျင်ရှိ သစ်ပင်ပန်းပင်တို့မှာ အကိုင်း၊ အခက်၊ အရွက်ကလေးတွေကအစ တစ်ကိုယ်လုံးကို နှင်းသင်တိုင်းလွှမ်းခြုံထားကြသည်။ အထူးလေယာဉ်၏ တောင်ပံနှစ်ဖက်၌ပင် ထူထပ်သောနှင်းထုလွှာကြီးဖုံးအုပ်နေသဖြင့် စက်ကိရိယာများဖြင့်ရှင်းလင်းဖယ်ရှားရသည်။ မကြာမီ အထူးလေယာဉ်ကြီးသည် ခရီးမိုင်တစ်သောင်းမှ အခွင့်အလမ်းကောင်းများစွာကိုသယ်ဆောင်လျက် အမိနိုင်ငံတော်ဆီသို့ ဦးတည်ပျံသန်းခဲ့လေသည်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း အမိမြန်မာနိုင်ငံတော်ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပြန်ကြားပေးလျက်ရှိသဖြင့် နိုင်ငံသူ နိုင်ငံသားအပေါင်းတို့မှာ နှစ်ထောင်းအားရ ကျေနပ်ဝမ်းသာပီတိဖြစ်လျက်ရှိနေကြသည်။

ထို့ကြောင့်ပင် နိုင်ငံတော်အကြီးအကဲ ပြန်လည်ရောက်ရှိမည့် နေပြည်တော် တပ်မတော်လေဆိပ်မှာ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသူများနှင့် တိုး၍မျှမပေါက်နိုင်အောင်ရှိနေခဲ့သည်။ တိုင်းရင်းသား၊ တိုင်းရင်းသူ သားငယ်၊ သမီးငယ်လေးများ၊ ဘင်ခရာ၊ ပန်းဖွားအကအဖွဲ့များ၊ ရိုးရာအကအလှအဖွဲ့များ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများက လေဆိပ်တွင် အသင့်စောင့်ကြို၍ နေကြသည်။ လေဆိပ် လေယာဉ်အဆင်းမှ VIP ဆောင်ထိလည်း သောင်းသောင်းဖြဖြ ကြိတ်ကြိတ်သည်းသည်း။ တပ်မတော်လေဆိပ်မှ အဝိုင်းနေရာထိလည်း လမ်းဘေးဝဲယာတစ်လျှောက် လူအုပ်အစဉ်အတန်းကြီးမှာ အဆက်ပြတ်သွားသည်မရှိဘဲ ခရီးစဉ်အတွင်း စွမ်းစွမ်းတမံလှုပ်ရှားဆောင်ရွက်ခဲ့သည့် နိုင်ငံတော်အကြီးအကဲ၏ရုပ်ပုံများကိုကိုင်ဆောင်၍လည်းကောင်း၊ ဆုမွန်ကောင်းတောင်းပေးသည့်ကြွေးကြော်သံများကို သံပြိုင်ညီညီဟစ်ကြွေး၍လည်းကောင်း၊ ရိုးရာအကအလှ၊ အတီးအမှုတ်များဖြင့်လည်းကောင်း နိုင်ငံတော်အကြီးအကဲကို ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုကြသည်။ ထိုမြင်ကွင်းကျယ်ကြီးမှာ ပီတိဖြင့်ဖုံးလွှမ်း၍ ကြက်သီးမွေးညင်းထဖွယ်ဖြစ်သည်။ ခရီးမိုင်ပေါင်းသောင်းနှင့်ချီ၍ ခရီးနှင်ခဲ့သောနိုင်ငံတော်အကြီးအကဲကလည်း ကားမှန်ကိုချ၍ လက်ပြလျက် အပြုံးဖြင့် တုံ့ပြန်နှုတ်ဆက်သည်။ မိမိနိုင်ငံသားများ၏ စေတနာစိတ်ဖြင့် ကြိုဆိုမှုများကို နိုင်ငံတော်အကြီးအကဲက မေတ္တာစိတ်ဖြင့် ကမ်းလင့်တုံ့ပြန်ခြင်းပါပင်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ် အဖွဲ့အား ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုနှုတ်ဆက်စဉ်။

နိုင်ငံတော်အကြီးအကဲဦးဆောင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ချစ်ကြည်ရေးခရီးစဉ်အတွင်း ကြိုးပမ်းဆောင်ရွက်ချက်များမှာ အမိနိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရလဒ်ကောင်းများစွာဖြင့် ရှေးရှုဦးတည်လျက်ရှိသည်။ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှတစ်ဆင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီးဆက်လက်သွားရောက်ခဲ့ပြီး တွေ့ဆုံဆွေးနွေးမှုများအပါအဝင် မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်တက်ရောက်ခြင်း၊ သဘောတူစာချုပ်များချုပ်ဆိုခြင်း၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခြင်း စသည့်တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို ထပ်မံ၍အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အကြီးအကဲမှာ ထိုသို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်သန်မျှော်မှန်း၍ မတ်လ ၃ ရက်မှ ၉ ရက်အထိ ရက်သတ္တပတ်မျှကာလအတွင်း မှာပင် နိုင်ငံသုံးနိုင်ငံအတွင်းရှိ မြို့ကြီးခြောက်မြို့သို့ ခရီးအကွာအဝေးအားဖြင့် မိုင်ပေါင်း ၁၀၂၇၉ မိုင်အား အပူချိန်အနုတ် ၂ မှ အနုတ် ၁၂ ဒီဂရီစင်တီဂရိတ်အထိ ရာသီဥတုကွာခြားလျက်ရှိသော အခြေအနေမျိုးမှာပင် တစ်နေရာမှတစ်နေရာ၊ ဟိုမှသည်သို့ကူးလူးသွားလာ၍ မမောမပန်းနိုင်ဘဲ စွမ်းစွမ်းတမံ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အကျိုးစီးပွားကို တစိုက်မတ်မတ် ဦးတည်ပြီး ခရီးစဉ်အတွင်း နေ့မအား ညမအားဖြင့် နိုင်ငံများအကြား စိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ပညာသင်ကြားမှုမြှင့်တင်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍများ တိုးမြှင့်ရေးဆိုင်ရာကိစ္စများတွင် ပြည်သူအချင်းချင်း၊ လုပ်ငန်းရှင်များအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ထိုသို့သောကြိုးပမ်းဆောင်ရွက်မှုများကြောင့်ပင် အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနေသော ချစ်ကြည်ရေးခရီးစဉ် သတင်းစကားကိုစောင့်မျှော်နေကြသည့် နိုင်ငံသူ နိုင်ငံသားတို့၏ရင်တွင်း ကိုယ်စီ၌ ပိုမိုအားကောင်းသောမျှော်လင့်ချက်ရောင်စဉ်တန်းများ လင်းလက်တောက်ပလာခဲ့ရသည်။

သို့ဖြစ်ရကား နိုင်ငံတော်အကြီးအကဲဦးဆောင်သောအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများမှာ သမိုင်းစဉ်တစ်လျှောက် အမိနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ဥယျာဉ်ကြီးအတွင်း အောင်မြင်မှုအသီးအပွင့်များအဖြစ် **"ပွင့်ပန်းရာထောင် ရနံ့ဆောင်သို့"** သင်းပျံ့ကြိုင်လှိုင်နေတော့မည်ဖြစ်ပါသတည်း။ ။

# Auspicious ceremony to present religious titles for 2025 and donate provisions held




Senior General Min Aung Hlaing, wife Daw Kyu Kyu Hla and the congregation receiving the Eight Precepts from SSMNC Chairman Sayadaw.

**Nay Pyi Taw March 13**

An auspicious ceremony to present religious titles for 2025 and donate provisions was held at Aggadipati Sasana Beikman in the precinct of Maravijaya Buddha Park here this afternoon. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla paid respects to the Sayadaws and presented religious titles and provisions and offertories.

Also present to pay respects to the local and foreign Buddhist monks and nuns, who will receive religious titles, led by specially invited Chairman of State Sangha Maha Nayaka Committee Thanlyin Minkyaung Monastery Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candiama Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit Monastery Sayadaw of Dhamma Thamaiddi pariyati school in Mandalay Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kahtika Bahujana Hitadhara Bhaddanta Vaselabhivamsa, together with the Senior General and wife were Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, SAC Secretary General Aung Lin Dway and wife, Joint SAC Secretary General Ye Win Oo and wife, SAC members and wives, union level dignitaries, union ministers and wives, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander and officials and Sasana Nuggaha title winner laypersons.

After opening the ceremony by reciting Namotassa three times, Deputy Minister for Religious Affairs and Culture U Aye Tun read out the agenda and declared the ceremony open.

The Senior General and wife and the congregation received the Eight Precepts from SSMNC Chairman Sayadaw.

Rector of State Pariyatti Sasana University, Mayangon Township, Yangon Region, Dr Bhaddanta Kumara Mahahte, winner of Abhidhaja Maha Rattha Guru Title, delivered Ovdakahta and Union Minister for Religious Affairs and Culture U Tin Oo Lwin supplicated religious matters.

At the ceremony, the Senior General presented Abhidhaja Maha Rattha Guru Title and insignia to Sayadaw Bhaddanta Panobhasa of Mahahtuparyon Pariyatti School in Thonse, Thayawady Township, Bago Region.

The Vice-Senior General presented Abhidhaja Maha Rattha Guru Title and insignia to Bhaddanta Kesava, Principal of monastery head monk training school, Aungmyaythaza Township, Mandalay Region.

The SAC Secretary presented Abhidhaja Maha Rattha Guru Title and insignia to Sayadaw Tipitakashara Dhamma Bantagarika Yaw Sayadaw Bhaddanta Sirindabhivamsa of Shwekyin Taikthit Monsatery, Maha Withuddayon (Pali University), Bahan Township, Yangon Region,

See Page 13



Senior General Min Aung Hlaing presents religious title to a Sayadaw.



Senior General Min Aung Hlaing presents religious title to a layperson.



Vice-Senior General Soe Win presents religious title to a Sayadaw.



Daw Kyu Kyu Hla presents religious title to a layperson.



Daw Kyu Kyu Hla presents religious title to a layperson.


Senior General Min Aung Hlaing and wife offer alms to a Sayadaw.


Vice-Senior General Soe Win and wife offer alms to a Sayadaw.


Daw Kyu Kyu Hla presents religious title to a nun.

*From Page 12*

and the Joint SAC Secretary, Abhidhaja Maha Rattha Guru Title and insignia to Sayadaw Bhaddanta Candavarabhivamsa of Khemathiwun religious school, Myitkyina, Kachin State.

Subsequently, members of the council, Union-level officials, Union ministers, senior military officers from the Office of the Commander-in-Chief of Defence Services, and other responsible persons offered honorary titles and ceremonial items to the venerable monks who have been conferred the titles of Abhidhaja Mahārattha Guru, Abhidhaja Agga Mahā Saddhammā Jotika, Agga Mahā Paṇḍita, Agga Mahā Saddhammā Jotika Dhaja, Agga Mahā Ganthavācaka Paṇḍita, and Agga Mahā Kammatthānācariya.

Following this, the wife of the Chairman of the State Administration Council Prime Minister presented the Agga Mahā Ganthavācaka Paṇḍita title and ceremonial items to the senior nun, Dr. Daw Sandasīngī, the patron of the Samiddhodaya Pyapon Nunnery in Bahan Township, Yangon Region, and to the senior nun Daw Visiṅgī, the patron of the Zeyyasīngīchaung Nunnery in Sagaing Township, Sagaing Region.

The Chairman of the State Administration Council Prime Minister then conferred the title of Agga Mahā Sīrisudhamma Maṇi Jotadhara to U Kyaw Pe, U Kyaw Zeya, and U Brang Mai, presenting them with honorary titles and ceremonial items.

Next, the Vice Chairman of the State Administration Council Deputy Prime Minister awarded the title of Sīrisudhamma Maṇi Jotadhara to U Myint Soe Htun, along with the corresponding honorary title and ceremonial items.

The wife of the Chairman of the State Administration Council Prime Minister then conferred the title of Sīrisudhamma Sīngī to Daw Than Than Nwe, Daw Khin Aye Myint, Daw Htwe Htwe Nyunt, Daw Aye Myint, and Daw Myint Myint Yi. Similarly, the wife of the Vice Chairman of the State Administration Council Deputy Prime Minister awarded the title of Sīrisudhamma Sīngī to Daw Hla Win, Daw Mu Mu San, Daw Wah Wah Hlaing, and Daw Chaw Su Myat, presenting them with honorary titles and ceremonial items.

Afterwards, the Chairman of the State Administration Council Prime Minister, along with his wife and the congregation, listened to a sermon delivered by the Sayadaw from the Masoeyein Monastery in Mandalay, the Secretary Sayadaw of the State Sangha Mahā Nayaka Committee. They then shared merits gained for all the donations made, and chanted "Buddha Sasanam Ciranthithatu" three times before concluding the ceremony.


Daw Than Than Nwe presents religious title to a layperson.


Daw Than Than Nwe presents religious title to a layperson.

The State Administration Council has previously awarded religious titles to 120 monks and nuns, including 2 senior nuns and 10 laypersons, in 2025. In today's 2025 religious title conferment ceremony, 8 Sayadaws were awarded the Abhidhaja Mahārattha Guru title, 5 Sayadaws received the Abhidhaja Agga Mahā Saddhammā Jotika title, 20 Sayadaws were presented with the Agga Mahā Paṇḍita title, 52 Sayadaws were honoured with the Agga Mahā Saddhammā Jotika Dhaja title, 25 Sayadaws were bestowed the Agga Mahā Ganthavācaka Paṇḍita title, and 10 Sayadaws were conferred the Agga Mahā Kammatthānācariya title. Additionally, 2 senior nuns were awarded the Agga Mahā Ganthavācaka Paṇḍita title, and 13 laypersons received the Sāsanānuggaha honorary title, along with ceremonial items. The remaining title recipients, including senior monks, senior nuns, and laypersons, were honored by respective chief ministers and officials in the Nay Pyi Taw Council area, regions, and states.

Later, a rice-offering ceremony was held, attended by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla, along with Vice Chairman of the Council Deputy Prime Minister Vice-Senior General Soe Win and his wife Daw Than Than Nwe. Also present were the Secretary of the Council and his wife, the Joint Secretary and his wife, other council members and their spouses, Union-level officials and their spouses, Union ministers and their spouses, senior military officers from the Office of the Commander-in-Chief of Defence Services and their spouses, departmental staff, and donors. They offered rice and other alms to the monks, nuns, and senior nuns who had been honored with religious titles in 2025, at the designated pavilions within the grounds of the Māravijaya Buddha Park.

100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ဆီထွက်သီးနှံ(နှမ်း) အရည်အသွေးနှင့်အထွက်နှုန်းတိုးပွား တောင်သူနှင့် နိုင်ငံတော်ဖွံ့ဖြိုးအကျိုးများ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသောစီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိသည့် နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အောင်မြင်အောင် လုပ်ဆောင်နိုင်မည်ဆိုပါက တိုင်းပြည်သာယာဝပြောမည်။ စားရေရိက္ခာဖူလုံမည်။ ထိုမှတစ်ဆင့် ပို့လျှံမှုရှိလျှင် ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေများရရှိနိုင်မည်။ စီးပွားရေးသည် နိုင်ငံရေးဖြစ်သည့်အတွက် စီးပွားရေးကို ကောင်းမွန်အောင် စိုက်ပျိုးမွေးမြူရေးကို အခြေခံကြရမည်ဖြစ်သည်။ ဤသည်မှာ မြန်မာနိုင်ငံအတွက် လုပ်ဆောင်နိုင်စွမ်းရှိသော အခြေခံစီးပွားရေးဖြစ်သည်။ စီးပွားရေးကောင်းမွန်ရေးအတွက် ပြည်တွင်းတွင် ဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စား၊ အလတ်စား(MSME) စီးပွားရေးလုပ်ငန်းများကို ပိုမိုအောင်မြင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်များကို ဦးဆောင်လျက်ရှိရာတွင် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ကာ နိုင်ငံ့စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိသည်။ စီးပွားရေးဦးတည်ချက်များတွင် **"ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး"** ဟူ၍ ချမှတ်ထားသည်။ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာတို့ကို အဓိကအထွက်တိုးအောင် ဆောင်ရွက်ကြမည်ဆိုပါက ပြည်တွင်းစားသုံးဆီဖူလုံသည့်အပြင် ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံများအနက် နှမ်းသီးနှံသည်လည်း ပြည်ပသို့ တင်ပို့နိုင်သည့် အဆင့်မြင့်ဆီထွက်သီးနှံတစ်မျိုးဖြစ်သည်။ ဆီထွက်သီးနှံ နှမ်းသည် စိုက်ပျိုးစရိတ်သက်သာပြီး တောင်သူများ လွယ်ကူစွာစိုက်ပျိုးနိုင်သည့် သီးနှံဖြစ်သည်။ ဆီထွက်သီးနှံများအနက် စိုက်ဧရိယာအများဆုံးဖြစ်ရာ ဆီထွက်သီးနှံစိုက်ဧကပေါင်း ၅၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရသည်။ နှမ်းသီးနှံသည် နုန်းမြေ၊ သဲနုန်းမြေနှင့် မြေနီသဲဝန်းမြေများတွင် ကောင်းစွာဖြစ်ထွန်းသည်။ နှမ်းမျိုးပေါင်းများစွာရှိသည့်အနက် အဓိကအားဖြင့် သက်တမ်းအရ နှမ်းလျင်မျိုးနှင့် နှမ်းကြီးနှစ်မျိုးဟူ၍ သတ်မှတ်ထားသည်။ စိုက်ပျိုးမှုရာသီအရ မိုးကြိုရေသွင်းနှမ်း၊ မိုးဦးနှမ်းလျင်နှင့် မိုးနှောင်းဆောင်းနှမ်းဟူ၍ ခွဲခြားနိုင်သည်။

နှမ်းသီးနှံမှ ထုတ်လုပ်နိုင်သော တန်ဖိုးမြှင့်ထုတ်ကုန်များမှာ နှမ်းဆီ၊ နှမ်းယို၊ နှမ်းလှော်၊ နှမ်းဖတ်၊ နှမ်းလှော်ဆီမွှေး စသည်တို့ဖြစ်သည်။ နှမ်းသည် လူသားတို့ကို ကောင်းကျိုးပြုသည့် ဆီထွက်သီးနှံဖြစ်ရာ နှမ်းဆီသည် စားသုံးရုံသာမက ဆေးဖက်ဝင်သည်။ နှမ်းတွင် အမျိုးအမည်အားဖြင့် နှမ်းနက်၊ နှမ်းညို၊ နှမ်းဖြူ၊ နှမ်းနီ စသည်ဖြင့် အမည်များကွဲပြားကြသည်။ အမည်ကွဲပြားမှုအလျောက် အသုံးဝင်မှု၊ အသုံးတည့်မှုလည်း ကွဲပြားသည်။ နှမ်းနက်သည် ဆေးဖက်ဝင်ကြောင်း အားလုံးသိရှိကြသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးသောနှမ်းကို စိုက်ပျိုးရာသီအရ မိုးနှမ်းကို နှမ်းလျင်နှင့် ဆောင်းနှမ်းကို နှမ်းကြီးဟူ၍ နှစ်မျိုးရှိသည်။ နှမ်းနှင့် ပတ်သက်၍ ပန်းတိုင်အထွက်နှုန်းသတ်မှတ်ချက်မှာ နှမ်းတစ်ဧကတင်း ၂၀ ဖြစ်သည်။ စိုက်ပျိုးရေးသီးနှံမှန်သမျှ၏ ထုတ်လုပ်မှုတိုးတက်ရေးသော့ချက်သည် သီးနှံများ၏ တစ်ဧကတွင် ဝင်ဆံ့သောအပင်အရေအတွက်ပြည့်မီရေးပင်ဖြစ်သည်။ လိုအပ်သည့်အပင်အရေအတွက် မပြည့်မီခြင်း၊ ဝင်ဆံ့ရမည့် အရေအတွက်ထက်များပြားခြင်းသည် သီးနှံများ၏ အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးကို အနှောင့်အယှက်ဖြစ်စေသည်။

နှမ်းသီးနှံကို တစ်ဧကအပင်အရေအတွက် ၁၀၀၀၀၀မှ ၁၃၀၀၀၀ အတွင်း ဝင်ဆံ့အောင် စိုက်ပျိုးရမည်။ ပင်ခြား ၁၅ လက်မ၊ အတန်းခြားလေးလက်မနှင့် ပင်ခြား ၁၂ လက်မ၊ အတန်းခြား လေးလက်မ



မိုးနှမ်း(နှမ်းလျင်)စိုက်ခင်းကို တွေ့ရစဉ်။

စိုက်ပျိုးရမည်ဖြစ်သည်။ တစ်ဧကရိတ်သိမ်းအပင်အရေအတွက်ကို ကိုင်းဖြာသောမျိုးများအတွက် အပင် ၁၀၀၀၀၀နှင့် တစ်ပင်တိုင်မျိုးများအတွက် အပင် ၁၂၈၀၀၀ ရရှိအောင် စိုက်ပျိုးရမည်။ ဆင်းရတနာ(၃)၊ ဆင်းရတနာ(၄)၊ သိပ္ပံနှမ်းနက်၊ စမုန်နက်၊ ဆင်းရတနာ(၁၄)တို့ကို ရွေးချယ်စိုက်ပျိုးသင့်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်။

**"ငုံးပျံဖန်ထနှမ်းကြဲရ"** ဆိုသည့်အတိုင်း မြေကိုထယ်ထိုးထွန်မွှေ၍ မှန့်အောင်ပြုလုပ်ပြီး စိုက်ပျိုးရသည်။ ယူရီးယားအိတ်ဝက်၊ တီစူပါအိတ်ဝက်၊ ပိုတက်ရှ် လေးပုံတစ်ပုံနှင့် နွားချေး ၁၂၅ တင်းခန့်ထည့်သွင်းသုံးစွဲရမည်ဖြစ်သည်။ နွေနှမ်းစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ တစ်ဧက လေးပြည်မှ ငါးပြည်နှုန်း သို့မဟုတ် နို့ဆီဘူး ၁၂ ဘူးမှ ၁၆ ဘူးနှုန်းဆိုလျှင် သင့်တော်သည်ဟု သိရှိရသည်။ နွေနှမ်းကို ဖေဖော်ဝါရီ ဒုတိယရက်သတ္တပတ်တွင် စိုက်ပျိုးနိုင်သည်။ နွေနှမ်းအထွက်နှုန်းတွင် အနှောင့်အယှက်ဖြစ်တတ်သည်မှာ နှင်းအလွန်အမင်းကျဆင်းခံရပါကလည်း အထွက်နှုန်းလျော့နည်းတတ်သည်။ နှမ်းက အအေးဓာတ်များလျှင်လည်း စိုက်ပျိုးမှုတွင် အထွက်နှုန်းနည်းနိုင်သည်။ နှမ်းစိုက်သည့်နေရာတွင် အစိုဓာတ်လည်း လုံလောက်စွာရှိရမည်ဖြစ်သည်။ အစိုဓာတ်ရှိနေမှသာ ကြဲထားပြီးနှမ်းများ ခြောက်ရက်အတွင်း အပင်ပေါက်မည်။ တစ်ပတ်ကျော်မှ အပင်မပေါက်ပါက ရေသွင်းရမည် သို့မဟုတ် ပြန်လည်ကြဲပက်ရမည်ဖြစ်သည်။ အဓိကမှာ မျိုးကောင်းရန်လည်း လိုအပ်ပေသည်။ အထွက်နှုန်းအရည်အသွေးကောင်းမွန်၍ အပင်ပေါက် ၈၀ ရာခိုင်နှုန်းအထက်ရှိသောနှမ်းမျိုးများကို အသုံးပြုကြရမည်။

နှမ်းနှင့် ပတ်သက်လာလျှင် မျိုးစေ့အဆင့်ဆင့်ပွားများခြင်းဖြစ်သည့် အမြုတေမျိုးစေ့၊ မိဘမျိုးစေ့၊ ဆင့်ပွားမျိုးစေ့နှင့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ဟူ၍ ရှိသည်။ အမြုတေမျိုးစေ့ဆိုသည်မှာ မျိုးစေ့ထုတ်လုပ်မှု၏ အခြေခံအဆင့် မျိုးမွေးမြူထုတ်လုပ်သူမှ ထိန်းသိမ်းထားရှိပြီး မျိုးမွေးမြူသူမှ တိုက်ရိုက်ကြီးကြပ်ထုတ်လုပ်ခြင်းဖြစ်သည်။ ဗီဇသန့်စင်မှု ၁၀၀ ရာခိုင်နှုန်းဖြစ်အောင် လုပ်ဆောင်ခြင်းဖြစ်သည်။ မိဘမျိုးစေ့ဆိုသည်မှာ မျိုးမွေးမြူသူ၏ ထိန်းချုပ်မှုအောက်တွင်ထားပြီး စိုက်ပျိုးရေးသုတေသန၊ မျိုးစေ့ဌာနခွဲတို့တွင် ဆောင်ရွက်သည်။ မျိုးစေ့သန့်စင်မှု၁၀၀ ရာခိုင်နှုန်းဖြစ်သည်။ ဆင့်ပွားမျိုးစေ့ဆိုသည်မှာ မိဘမျိုးစေ့ကို မျိုးသန့်ပွားခြင်းဖြင့် ဆင့်ပွားမျိုးစေ့ကို ရရှိသည်။ စိုက်ပျိုးခြင်းကို သတ်မှတ်ထားသောစနစ်များအတိုင်း စိုက်ပျိုးရသည်။ မျိုးမွေးမြူသူသည် စိတ်ကြွက်သို့ မှန်မှန်စစ်ဆေး၍ မျိုးကွဲပယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရသည်။ ဆင့်ပွားမျိုးစေ့ကို စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် မျိုးစေ့ဌာနခွဲအောက်ရှိ ခြံများတွင် ထုတ်လုပ်သည်။ မျိုးသန့်စင်မှုမှာ ၉၉ ရာခိုင်နှုန်းဖြစ်ပါသည်။

မျိုးသန့်မျိုးပွားမျိုးစေ့ဆိုသည်မှာ ဆင့်ပွားမျိုးစေ့မှ ရရှိသောမျိုးစေ့ဖြစ်သည်။ မျိုးစေ့သန့်စင်မှုမှာ ၉၈ ရာခိုင်နှုန်းဖြစ်သည်။ စီးပွားဖြစ်မျိုးသန့်မျိုးပွားမျိုးစေ့ဆိုသည်မှာ မျိုးသန့်မျိုးစေ့ကို ပွားများခြင်းဖြင့် ရရှိသည်။ မျိုးစေ့သန့်စင်မှု ၉၅ ရာခိုင်နှုန်းဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ စံပြခြံများနှင့် အကျိုးဆောင်တောင်သူများ စိုက်ပျိုးထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။ ဆည်ရေသောက်စိုက်ပျိုးရသည့် နှမ်းသီးနှံများမှာလည်း အခက်အခဲကြုံရကြောင်း သိရှိရသည်။ ဆည်ရေသောက်ဒေသများတွင် နှမ်းသီးနှံကို နွေနှမ်း၊ မိုးကြိုနှမ်းဟူ၍ စိုက်ပျိုးကြသည်။ ဆည်ရေသောက်ဒေသတွင် စိုက်ပျိုးသောနှမ်းမှာ မိုးကောင်းသောက်စိုက်ပျိုးသော နှမ်းထက် အထွက်နှုန်း ပိုမိုရရှိနိုင်သည်။ သို့သော် ဆည်ရေသောက်နှမ်းခင်းများတွင် ကြုံရလေ့ရှိသည့်ပြဿနာမှာ ရေသွင်းထားပြီး နောက်နေ့တွင် မိုးရွာသွန်းခြင်းမျိုးနှင့်ကြုံရသည့်အခါ ရေဝပ်၍ နှမ်းပင်များပျက်စီးတတ်သည်။ ထိုပြဿနာမှ ကင်းဝေးစေရန် ဆည်ရေသောက်နှမ်းစိုက်ပျိုးမြေများတွင် ကန်သင်းပတ်လည်၌ ရေကို လိုသလို သွင်းနိုင်ထုတ်နိုင်သည့် ရေပတ်မြောင်းများပြုလုပ်ထားကြရမည်ဖြစ်သည်။ နှမ်းခင်းကို ရေသွင်းလျှင် စိမ့်မြောင်းထဲတွင်သာ ရေလွှတ်ပေးပြီး စိမ့်မြောင်းမှ စိမ့်လာသောရေဖြင့်သာ အစိုဓာတ်ပေးသည်။ မြေမညီ၍ ရေမတက်သောနေရာများတွင် စိမ့်မြောင်းတစ်ခုနှင့် တစ်ခုဆက်သော ဖြတ်မြောင်းများ ပြုလုပ်ပေးရသည်။ မိုးရွာ၍ ရေများလျှင် ထိုစိမ့်မြောင်း၊ ပတ်မြောင်းများမှတစ်ဆင့် ရေပိုများကို ထုတ်ပစ်နိုင်မည်ဖြစ်သည်။

နှမ်းစိုက်ပျိုးမှုတွင် ရေပေးသွင်းခြင်းမှာလည်း အရေးကြီးသည်။ ပထမအကြိမ် ပန်းမပွင့်မီကာလ (စိုက်ပြီး ၂၂ /၂၅ရက်သား)၊ ဒုတိယအကြိမ်(၃၅/၄၅) ရက်သားနှင့် တတိယအကြိမ် သီးတောင့်တင်ချိန် (စိုက်ပြီး၅၅ / ၆၅)ရက်သားတို့ဖြစ်သည်။ ထိုကာလများတွင် ရေလိုပါက ရေသွင်းပေးရမည်ဖြစ်သည်။ အစေ့တည်ချိန်တွင် အစိုဓာတ်နည်းအောင် ထိန်းထားရမည်ဖြစ်ပြီး သီးတောင့်ရင့်မှည့်မှုနှင့် သီးတောင့်အစေ့တည်မှုကို ထိခိုက်စေသည့်အတွက် စိုက်ပြီး (၆၅ /၇၀) ရက်သားတွင် ရေသွင်းရန် မလိုအပ်ပေ။

နှမ်းစိုက်ပျိုးမည်ဆိုလျှင် အထွက်ကောင်းမျိုးများဖြစ်သည့် ဆင်းရတနာ(၃)(ရေဝတ်ဒဏ်ခံနိုင်သည်)၊ ဆင်းရတနာ(၄)(အဖြူရောင်)၊ ဆင်းရတနာ(၅) (အပူဒဏ်ခံနိုင်သည်)၊ ဆင်းရတနာ(၃) နှမ်းမျိုးသည် သက်တမ်း ၈၅ ရက်မှ ရက် ၉၀ ထိ ရှိပြီး တစ်ဧကလျှင် တင်း ၂၀ ခန့်ထွက်ရှိသည်။ ထူးခြားချက်မှာ အစေ့အနက်ရောင်၊ ကိုင်းဖြာမျိုးနှင့် အထွက်ကောင်းမျိုးဖြစ်သည်။ ဆင်းရတနာ(၄)နှမ်းမျိုးမှာ သက်တမ်း ရက် ၈၀ မှ ၈၅ ရက်ထိ ရှိ၍ တစ်ဧကလျှင် တင်း၂၀ ထွက်ရှိနိုင်သည်။ ထူးခြားချက်မှာ အစေ့အဖြူရောင်၊ တစ်ပင်တိုင်မျိုးနှင့် အထွက်ကောင်းမျိုးဖြစ်သည်။ ဆင်းရတနာ(၅)နှမ်းမျိုးမှာ သက်တမ်းရက် ၈၀ မှ ၈၅ ရက်ထိ ရှိ၍ တစ်ဧကလျှင် ၂၃ တင်းခန့် ထွက်ရှိနိုင်သည်။ ထူးခြားချက်မှာ အစေ့အဝါရောင်နှင့် အပူဒဏ်ခံလျက် မိုးကြိုရာသီ၌ စိုက်ပျိုးသင့်သည်။

နှမ်းများရိတ်သိမ်းချိန်တွင် အလေအလွင့်နည်းစေရန် အောက်သီးစကွဲချိန် အဖျားသီးများကို ခွဲကြည့်၍ အရောင်လိုက်ချိန်တွင် ရိတ်သိမ်းရမည်။ နှမ်းအရည်အသွေးကောင်းစေရန် ရိတ်သိမ်းပြီးတိုက်ရိုက်စဉ်းထောင်ရမည်။ သို့မှသာ အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းသည့် နှမ်းခင်းကြီးများကို ပိုင်ဆိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားရေးမြင့်မားအောင် လုပ်ဆောင်နေသည့် လုပ်ငန်းမှန်သမျှအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့လုပ်ငန်းတိုးတက်အောင်မြင်ရေးကို အလေးထားကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးမှန်သမျှတွင် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့် နည်းလမ်းလေးသွယ်ဖြင့် ပေါင်းစပ်ကာ စိုက်ပျိုးရေးထုတ်ကုန်တိုးမြှင့်စေရေးကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဆီထွက်သီးနှံဖြစ်သည့် နှမ်းဆီကို ပြည်တွင်း၌ကြိတ်ခွဲထုတ်လုပ်ခြင်းဖြင့် ဆီအပြင် နှမ်းဖတ်အား တိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်သည်။ နိုင်ငံတော်အကြီးအကဲမှ နှမ်းစိုက်ပျိုးမှုကို အားပေးဆောင်ရွက်လျက်ရှိသောကြောင့် ပြည်တွင်းစားသုံးမှုဖူလုံရန်နှင့် ပြည်ပမှ ဆီတင်သွင်းမှုလျော့ချနိုင်ရန်အတွက် နှမ်းစိုက်ပျိုးမှုကို တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့် လုပ်ငန်းရှင်များ တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက ဆီထွက်သီးနှံနှမ်းအရည်အသွေးနှင့်အထွက်နှုန်းတိုးပွား တောင်သူနှင့် နိုင်ငံတော်ဖွံ့ဖြိုးအကျိုးများမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**မန္တလာကိုကိုဝင်း**

# ၂၀၂၅ ခုနှစ် နှစ် ၈၀ ပြည့် တပ်မတော်နေ့အထိမ်းအမှတ် စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲတွင် ဆုရရှိသူများအမည်စာရင်း

**စစ်ချီသီချင်း**

၁။ **ရဲရဲတက် ရဲရဲတိုက် ရဲရဲချေမှုန်း** ပထမဆု
မြင့်မိုရ်ဦး

၂။ **ပြည်သူ့အတွက် တပ်မတော်ဖြစ်သည်** ဒုတိယဆု
အောင်ဇော်ဦး(ရဲတီးဝိုင်း)

၃။ **(ကြည်း၊ ရေ၊ လေ)သည် ထာဝရညီ** တတိယဆု
လှိုင်ဝင်းထွန်း

၄။ **ရဲပုံစွန့်စား ပြည်ချစ်သား** စတုတ္ထဆု
ဒုတိယအရာခံဗိုလ်သက်ဝင်းလှိုင်

၅။ **နိုင်ငံတော်ကို ကာကွယ်ထား နည်းပညာနဲ့တပ်မတော်သား** ပဉ္စမဆု
ခင်ဇော်(မြဝတီ)

**စစ်သည်တေးသီချင်း**

၁။ **တွဲလက်မြဲစေ ညီအစ်ကိုတွေ** ပထမဆု
ထားရှ

၂။ **တပ်မတော်၏သမိုင်းပေးတာဝန်** ဒုတိယဆု
မအိ(ပဲခူး)

၃။ **အမိမြေကို ချစ်ကြသူများ** တတိယဆု
ရွှေသင်းသူ(သဇင်)

၄။ **စစ်သားဆိုတာ** စတုတ္ထဆု
ကေသီ

၅။ **ရှေ့သို့ချီမည် ပန်းတိုင်ဆီ** ပဉ္စမဆု
မြင့်မြတ်ဦး(မြဝတီ)

**ကဗျာ(ဝါသနာရှင်)**

၁။ **ခေတ်သမိုင်းကိုဆစ်ပိုင်း၍ ရစ်သိုင်းလေသော မော်ကွန်းလွှာ** ပထမဆု
ကောင်းခြိမ့်ကျော်

၂။ **စစ်သားဆိုတာ ပြည့်ရတနာ** ဒုတိယဆု
မနေသစ်(ပခုက္ကူ)

၃။ **နှစ်(၈၀)ပြည့် ဂုဏ်မြတ်သည့်တပ်မတော်နေ့** တတိယဆု
အောင်နိုင်သူ(ဖွဲ့ကပင်)

၄။ **ကြယ်ပေါင်းဝန်းရံရွှေနိုင်ငံ၏ အောင်လံမြင့်မော် တပ်မတော်** စတုတ္ထဆု
နိုင်မြတ်မော်(မြဝတီ)

၅။ **အစဉ်အလာကောင်းသည့်တပ်မတော်** ပဉ္စမဆု
ဉာဏ်လင်း(တပ်ကုန်း)

၆။ **ခေတ်သမိုင်းကို ဆစ်ပိုင်းဖြတ်ကျော်တပ်မတော်** အထူးဆု(၁)
သက်နှင်းညို

၇။ **တပေါင်းမှသည် ရှေ့သို့ချီသော်၊ သွေးသစ်မော်ကွန်းတည်စေသတည်း** အထူးဆု(၂)
ရဲမွန်ကျော်

၈။ **ကမ္ပည်းမော်ကွန်း တည်စေညွှန်း** အထူးဆု(၃)
ရွှေလေးခင်

**ကဗျာ(အလွတ်တန်း)**

၁။ **တို့များတပ်မတော်** ပထမဆု
မြတ်ထွဏ်းနောင်

၂။ **နေတစ်စင်းနှင့်ငွေလမင်းသို့ပမာ နိုင်ငံအတွက်သာ တပ်မတော်ပါ** ဒုတိယဆု
ဘုန်းမောင်ဝင်း(ဖျာပုံ)

၃။ **တင့်တယ် သူရိန် လမင်းအိမ်သို့** တတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၄။ **ဖြတ်ကျော်လွှားရခရီးရှည် တပ်မတော်သားအလှ (ကြည်း၊ ရေ၊ လေ)** စတုတ္ထဆု
ရေနံ့သာမောင်ကျော်ညွန့်

၅။ **နိုင်ငံလူမျိုးဂုဏ်ရှိန်တိုးအောင် ကြိုးစားဆောင်ဖော် တပ်မတော်** ပဉ္စမဆု
မနော့ဖြူ

၆။ **အောင်သပြေဖော်ညွှန်း တပေါင်းမော်ကွန်း** အထူးဆု(၁)
မောင်မင်းသိမ်း(သရက်)

၇။ **ခေတ်အဆက်ဆက် ထက်မြက်ဂုဏ်ကျော် မြန်မာ့တပ်မတော်** အထူးဆု(၂)
မျိုးစစ်သည်

၈။ **ကမ္ပည်းမော်ကွန်း ပေါ်ထွန်းမွေးမြ သမိုင်းလှသော မြန်မာ့တပ်မတော်** အထူးဆု(၃)
ညောင်ရွှေ-ခင်မောင်မြ

**ဝတ္ထုတို(ဝါသနာရှင်)**

၁။ **စစ်မှန်သော မေတ္တာတရားဖြင့်** ပထမဆု
အမောင်

၂။ **သူတို့ကို ဈေးမရောင်းတော့ပါ** ဒုတိယဆု
မုန်းမောင်မောင်

၃။ **ခရေဦး၏သန္နိဋ္ဌာန်** တတိယဆု
ယု(သဇင် FM)

၄။ **အပြုံးလည်းလှ နှလုံးသားလှတဲ့ မုန်းမရတဲ့ စစ်သည်တော်** စတုတ္ထဆု
မနော့ဖြူ

၅။ **သူရဲကောင်းတို့၏ဝိညာဉ်များ** ပဉ္စမဆု
ရဲမွန်ကျော်

၆။ **အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း** အထူးဆု(၁)
ငြိမ်းချမ်းဖြူ

၇။ **စစ်ကျောပိုးအိတ်မှာ ဆွဲချိတ်ထားတဲ့ကြယ်မှုန်တွေ** အထူးဆု(၂)
ထက်ပိုင်ဦး(သစ္စာမြေ)

၈။ **မွေးရာပါတာဝန်** အထူးဆု(၃)
စစ်ငြိမ်းပန်း

**ဝတ္ထုတို(အလွတ်တန်း)**

၁။ **အားနာရန် မလိုခဲ့ပါ** ပထမဆု
မျိုးမြင့်ရန်နောင်

၂။ **ဓာတ်သွေးစက် အိုးစားဖက်ကိုရှာကြသည်** ဒုတိယဆု
မောင်မောင်လွင်(ရွှေဘိုသား)

၃။ **ကြယ်တွေကြွေသောလမ်း** တတိယဆု
ကျော်တေဇ(ဥက္ကလာ)

၄။ **ယုံကြည်ခြေတစ်လှမ်း** စတုတ္ထဆု
ထက်ဝေအောင်(စစ်ကိုင်း)

၅။ **မကြွေရဲပုံ ကြယ်တစ်ပွင့်ရဲ့ရာဇဝင်** ပဉ္စမဆု
မောင်စူးရှ(အနောက်ရိုးမ)

၆။ **ငြိမ်းချမ်းပါစေ ပန်းဝါမြေ** အထူးဆု(၁)
မင်းလပြည့်(ဟားခါး)

၇။ **အမေ့မှာ သားတွေအများကြီးရှိပါတယ်** အထူးဆု(၂)
သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)

၈။ **ကိုယ်သင်းနံ့လေး မွှေးပျံ့နေသည်** အထူးဆု(၃)
စေတမန်

**ဝတ္ထုရှည်(ဝါသနာရှင်)**

၁။ **နောက်ဆုံးကျည်ဆန်** ပထမဆု
မြခြူးအိမ်

၂။ **သစ္စာနန်းမှပန်းရင်ခွင်** ဒုတိယဆု
ဘုန်းရဲနိုင်(ဂန့်ဂေါ)

၃။ **အိမ်အမှတ်(၁၃၅)** တတိယဆု
လှမောင်(ဝိရောဓိ)

၄။ **အဏ္ဏဝါထက်က ပန်းပျိုးလက်** စတုတ္ထဆု
တင်ဦး(ရန်ကင်း)

၅။ **ကရုဏာရွှေလက်တို့ဖြင့် အမွန်မြတ်ဆုံး ပေးဆပ်ခဲ့ကြပါသည်** ပဉ္စမဆု
သျှင်ငြိမ်းစံ

၆။ **တိုင်းပြည်ကို စောင့်ရှောက်ဖို့ တာဝန်ရှိနေလို့ပါ** အထူးဆု(၁)
မောင်စိုးထွန်း

၇။ **အစဉ်နှပျိုနေသည့် ဥဒါန်းစကား** အထူးဆု(၂)
အောင်မင်းကျော်(ပညာ)

၈။ **စောင့်ထိန်းအပ်သော သစ္စာတရားတို့ဖြင့်** အထူးဆု(၃)
ခင်မျိုးမျိုးချစ်(ချင်းတောင်)

**ဝတ္ထုရှည်(အလွတ်တန်း)**

၁။ **လွမ်းရက်တာရှည် စစ်မြေစခန်းမှာဖြင့်** ပထမဆု
တက္ကသိုလ်မြမဥ္ဇူ

၂။ **ထာဝရစစ်သား ထာဝရမြန်မာ့တပ်မတော်** ဒုတိယဆု
စိုးနွေ

၃။ **နမ့်လွေချောင်းဘေးမှာ ပေးခဲ့လေသော မြေပုံလေးတစ်ချပ်အကြောင်း** တတိယဆု
ရဲမင်းစိုး

၄။ **လွမ်းရစ်စေသူ** စတုတ္ထဆု
ညိမ်းညို

၅။ **ကြယ်တစ်စင်းရဲ့ ဘဝစာမျက်နှာ** ပဉ္စမဆု
နေဇင်(ပေါက်ခေါင်း)

၆။ **ကျည်တစ်တောင့် လူတစ်ယောက်** အထူးဆု(၁)
နီသင်အောင်ကျော်မိုး

၇။ **ပေးဆပ်သူတို့၏ ချစ်ခြင်းသက်သေ** အထူးဆု(၂)
ခန့်ပိုင်

၈။ **အဖြူရောင်အနားသတ်** အထူးဆု(၃)
အမေ့သား(နတ်မောက်)

**မှတ်ချက်။** ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေ့ရက်၊ နေရာနှင့် အချိန်တို့ကို ထပ်မံအသိပေးသွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၃၆-၃၀၅၁၆၊ ၀၃၆-၃၀၅၁၈ တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

**ရှေ့ဖုံးမှအဆက်**

ဗဟုဇနဟိတဓရာဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော်အပူဇော်ခံတော်မူကြမည့် ပြည်တွင်း၊ ပြည်ပဆရာတော်၊ သံဃာတော်များ နှင့်သီလရှင်ဆရာကြီးများကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့် အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး၊ တွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကောသလ္လ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်)ရွှေကျင်တိုက်သစ်ဆရာတော် တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီဝံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒဝရာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ဧည့်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ ဦးကျော်ဖေအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ ဦးကျော်ဇေယျအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်သန်းသန်းနွယ်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်ရ ဦးမြင့်စိုးထွန်းအား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်ခင်အေးမြင့်အား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသည့် ဒေါ်ထွေးထွေးညွန့်အား ဘွဲ့တံဆိပ်နှင့်အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

နှင့်ဇနီး၊ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ သာသနာနုဂ္ဂဟာဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ "နမောတဿ"သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုစတင်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက အခမ်းအနားအဖွင့်စာတမ်းကို ဖတ်ကြားလျှောက်ထား၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ဘုရားကြီးထံမှ ရှစ်ပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရက သမ္ဘောဒနီယသြဝါဒကထာကို မြွက်ကြားချီးမြှင့်တော်မူပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ မဟာထူပါရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တပညောဘာသထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျောင်းထိုင် ဘုန်းတော်ကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကေသဝထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံ(ပါဠိတက္ကသိုလ်)ရွှေကျင်တိုက်သစ်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကြီး ဘဒ္ဒန္တသိရိန္ဒာဘိဝံသထံလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက စာမျက်နှာ ၁၈ သို့

စာမျက်နှာ ၁၇ မှအဆက်

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခေမာသီဝံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တစန္ဒဝရာဘိဝံသထံ လည်းကောင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ် ပူဇော်ကြသည်။

ဆက်လက်၍ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့်တာဝန်ရှိသူများက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့ရရှိသည့် ဆရာတော်ကြီးများထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်ကြသည်။





၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်ကော်ရော် အပူဇော်ခံတော်မူခဲ့ကြသည့် ပြည်တွင်း၊ ပြည်ပ ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။



ဆရာတော်ထံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် သမိဒ္ဓါဒယဖျာပုံသီလရှင် စာသင်တိုက်နာယကသီလရှင်ဆရာကြီး ဒေါက်တာ ဒေါ်စန္ဒသိဂီထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသူ ဒေါ်မူမူစန်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီးဗဟန်းမြို့နယ်သမိဒ္ဓါဒယဖျာပုံသီလရှင်စာသင်တိုက်နာယကသီလရှင်ဆရာကြီး ဒေါက်တာဒေါ်စန္ဒသိဂီနှင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဇေယျာသိင်္ဂီချောင် သီလရှင်စာသင်တိုက် နာယကသီလရှင်ဆရာကြီး ဒေါ်ဝိသိင်္ဂီတို့ထံ ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်ကြသည်။



ဆရာတော်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များကို ဆက်ကပ်ပူဇော်စဉ်။

ဆက်လက်၍ သာသနာနုဂ္ဂဟ ဘွဲ့တံဆိပ်များကိုချီးမြှင့်အပ်နှင်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူများဖြစ်ကြသည့် ဦးကျော်ဖေ၊ ဦးကျော်ဇေယျနှင့် ဦးဘရန်မိုင်တို့ကို ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့ရရှိသူ ဦးမြင့်စိုးထွန်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်သန်းသန်းနွယ်၊

စာမျက်နှာ ၁၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် သီရိသုဓမ္မသိင်္ဂီဘွဲ့ရရှိသူ ဒေါ်လှဝင်းအား ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လောင်းလှူစဉ်။

ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၁၀ ပါးနှင့် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ သီလရှင် ဆရာကြီး နှစ်ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် လှူဖွယ်ပစ္စည်း များဆက်ကပ်ပူဇော်ခဲ့ပြီး သာသနာ နုဂ္ဂဟ ဘွဲ့တံဆိပ်ရရှိကြသည့် လူပုဂ္ဂိုလ် ၁၃ ဦးတို့ကို ဘွဲ့တံဆိပ် နှင့် အဆောင်အယောင်များကို ချီးမြှင့်အပ်နှင်းခဲ့သည်။ ကျန်ရှိ သည့် ဘွဲ့ခံဆရာတော်ကြီးများ၊ သီလရှင်ဆရာကြီးများနှင့် လူ ပုဂ္ဂိုလ်များကိုလည်း သက်ဆိုင်ရာ နေပြည်တော် ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက အသီးသီး ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီး များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီး များနှင့်ဇနီးများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အလှူရှင်များက ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ် ကော်ရော် အပူဇော်ခံတော်မူခဲ့ကြ သည့် ပြည်တွင်း၊ ပြည်ပ ဆရာ တော်၊ သံဃာတော်များနှင့် ဘွဲ့ခံ

စာမျက်နှာ ၁၈ မှအဆက်

ဒေါ်ခင်အေးမြင့်၊ဒေါ်ထွေးထွေးညွန့်၊ ဒေါ်အေးမြင့်၊ ဒေါ်မြင့်မြင့်ရီတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ဇနီး က သီရိဝမ္မသိင်္ဂီဘွဲ့ရရှိကြသည့် ဒေါ်လှဝင်း၊ ဒေါ်မူမူစန်း၊ ဒေါ်ဝါဝါ လှိုင်နှင့် ဒေါ်ချောစုမြတ်တို့ကို လည်းကောင်း ဘွဲ့တံဆိပ်နှင့် အဆောင်အယောင်များကို ချီးမြှင့် အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုး တော်ဆောင် မန္တလေးမြို့ မစိုးရိမ် တိုက်သစ် ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ ဧည့်ပရိသတ်များက အနု မောဒနာတရားနာယူကြပြီးလှူဒါန်း မှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



ဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီးများအား အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ၂၀၂၅ ခုနှစ် တွင် ပြည်တွင်း၊ပြည်ပဆရာတော်၊ သံဃာတော်အပါး ၁၂၀၊ သီလရှင် ဆရာကြီး နှစ်ပါးနှင့်လူပုဂ္ဂိုလ် ၁၀ ဦး တို့ကို သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်း ချီးမြှင့်ခဲ့ပြီး ယနေ့ကျင်းပသည့် ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားတွင် အဘိဓဇမဟာ ရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ ဆရာ တော်ကြီး ရှစ်ပါး၊ အဘိဓဇအဂ္ဂ မဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီး ငါးပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး အပါး ၂၀၊ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ် တော်ရ ဆရာတော်ကြီး ၅၂ ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့ တံဆိပ်တော်ရဆရာတော်ကြီး ၂၅ ဆက်ကပ် ပေးအပ်ချီးမြှင့်ခဲ့ကြ ကြောင်း သိရှိရသည်။

ဆက်လက်ပြီး ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် သီလရှင်ဆရာကြီးများအား မာရ ဝိဇယဗုဒ္ဓဥယျာဉ်တော် ပရိဝုဏ် အတွင်းရှိသက်ဆိုင်ရာမဏ္ဍပ်များမှ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လောင်း လှူခဲ့ကြကြောင်း သတင်းရရှိ သည်။ (၅၀၁)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၃-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၈၀ | ၃၁၉၅ | ၃၁၆၀ | ၃၀၉၅ | ၃၂၀၀ | ၃၂၁၅ | ၃၂၃၅ | ၃၁၅၀ | ၄၅၀၅ | ၃၄၄၅ | ၃၁၇၀ | ၃၁၇၀ | ၃၂၄၀ | ၃၂၀၅ | ၃၂၂၅ | ၃၄၈၅ |
| 95 Ron | ၃၁၃၅ | ၃၂၅၀ | ၃၂၁၅ | ၃၁၅၀ | ၃၂၅၅ | ၃၂၇၀ | ၃၂၈၅ | ၃၂၀၅ | ၄၅၆၀ | ၃၅၀၀ | ၃၂၂၀ | ၃၂၂၅ | ၃၂၉၅ | ၃၂၆၀ | ၃၂၈၀ | ၃၅၃၅ |
| HSD (500 ppm) | ၂၆၅၅ | ၂၇၇၀ | ၂၇၃၅ | ၂၆၇၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၁၀ | ၂၇၂၅ | - | ၃၀၂၀ | ၂၇၄၅ | ၂၇၄၅ | ၂၈၁၅ | ၂၇၈၀ | ၂၈၀၅ | ၃၀၆၀ |
| HSD (50 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | ၄၈၃၀ | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၁၀ | ၃၄၃၅ | ၃၆၉၀ |
| HSD (10 ppm) | ၃၂၈၅ | ၃၄၀၀ | ၃၃၆၅ | ၃၃၀၀ | ၃၄၀၅ | ၃၄၂၀ | ၃၄၄၀ | ၃၃၅၅ | - | ၃၆၅၀ | ၃၃၇၅ | ၃၃၇၅ | ၃၄၄၅ | ၃၄၁၀ | ၃၄၃၅ | ၃၆၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၉ | ၃၀၀၁ |
| 95 Ron | ၂၉၆၁ | ၃၀၅၃ |
| HSD (500 ppm) | ၂၄၉၇ | ၂၅၇၇ |
| HSD (50 ppm) | ၃၁၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၁၀၈ | ၃၂၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၂၅**

၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၁၅ ရက်

(၂၀၂၅ ခုနှစ် မတ်လ ၁၃ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**

**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | ရန်နောင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး | အောင်သူ | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး | မျိုးဆွေလတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူး | အောင်ဘိုဘို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူး | ပြည့်ဖြိုးကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူး | ကျော်ဇေသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ကြီး | နိုင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်ကြီး | ရန်နိုင်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်ကြီး | ကျော်ဝေဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်ကြီး | ဖွဲ့မောင်မောင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်ကြီး | အောင်မျိုးကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ၇၉၇၇၉၇ | တပ်ခွဲတပ်ကြပ်ကြီး စန်းမြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | တ-၂၄၄၆၄၉ | တပ်ကြပ်ကြီး မျိုးကျော်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | တ-၃၃၁၁၇၇ | တပ်ကြပ်ကြီး အုန်းခိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | တ-၃၅၁၀၆၀ | တပ်ကြပ် အောင်ဖြိုးဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | တတ-၁၃၅၄၀၃ | တပ်ကြပ် တိုးတက်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | တ-၅၂၆၄၇၄ | ဒုတိယတပ်ကြပ် မင်းမောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ပစ-၁၀၀၃၂၆ | ဒုတိယတပ်ကြပ် သန့်ဇင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | မ-၄၂၀၇ | တပ်ကြပ်ကြီး/သားဖွား ဒေါ်နှင်းနွယ်ရီ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | တ-၅၂၂၃၂၈ | တပ်သား နေလင်းထွန်း(ငြိမ်း) | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်ဇင်မာထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒေါ်ဆုမြတ်မိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | မောင်ထက်ရှိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | မောင်ထက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | မောင်ကျော်အေးချမ်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | မောင်ကျော်သိန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဒေါ်သီတာစိုးသန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | မောင်ပြည့်စုံအောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဒေါ်အေးအေးခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | မောင်သန်းဇော်ထိုက်(ခ)မောင်ဇော်ဝင်းမောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဒေါ်သန်းသန်းဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | မောင်စိုင်းဝင်းဇော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဦးနေလင်းထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | မောင်သက်မင်းနိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဒေါ်မာမာလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | မောင်ဟိန်းထက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဒေါ်ခင်သန်းထွေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဒေါ်လှဲ့လှဲ့ဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဒေါ်သိန်းကြည် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | မောင်ဖြိုးငွေစိုး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဒေါ်သန်းသန်းငြိမ်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဒေါ်လှလှအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဒေါ်မို့မို့ဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | မောင်ဝင်းမြတ်သူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | မောင်ဖိုးလပြည့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | မောင်ရန်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | မောင်ကျော်အေးထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဒေါ်ငွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | မောင်ချစ်ရင်ထူး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဒေါ်စန်းစန်းငွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဒေါ်ငြိမ်းငြိမ်းအိ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဒေါ်ဆင့်ဆင့်လင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ဒေါ်မိုးသူဇာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၆။ | မောင်လင်းမြတ်သော် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၇။ | ဒေါ်မာမာလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၈။ | မောင်ရန်နိုင်ထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၉။ | မောင်အောင်သက်ပိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၀။ | ဒေါ်ခြူးအိလွင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၁။ | ဒေါ်သက်သက်ဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၂။ | ဒေါ်အိသဥ္ဇာမွန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၃။ | ဒေါ်မြတ်မိုးခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၄။ | ဒေါ်ခင်အေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၅။ | မောင်လပြည့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၆။ | ဒေါ်ခင်သက်မာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၇။ | ဒေါ်ဇာဇာထွန်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၈။ | ဒေါ်အေးသူဇာ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄၉။ | ဦးအောင်ကိုဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၀။ | ဦးလှိုင်ဝင်းထက် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၁။ | ဦးနေလင်းထူး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၂။ | ဦးကျော်စောဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၃။ | ဦးဇင်မင်းသန့် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၄။ | ဦးခိုင်မြင့်သူ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅၅။ | ဦးအဲကျော် | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၆။ | ဦးဟိန်းကိုစံ | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၇။ | ဦးသောင်းထွန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၈။ | ဦးအောင်ကြည်သန်း | | စစ်ကိုင်းတိုင်းဒေသကြီး |
| ၅၉။ | ဦးမြင့်ထွေး | | မကွေးတိုင်းဒေသကြီး |
| ၆၀။ | ဦးဝင်းမင်းနိုင် | | မကွေးတိုင်းဒေသကြီး |
| ၆၁။ | ဦးအောင်အောင်ဦး | | ရှမ်းပြည်နယ် |

**စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ**

**စီမံထူးချွန်တံဆိပ်(ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | သိန်းထွန်းတင် | ကာကွယ်ရေးဝန်ကြီးဌာန |

**စီမံထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | နေမျိုးထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်ကြီး | လှိုင်မျိုးချစ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်ကြီး | လှမော်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | | ဦးသီဟ | ကာကွယ်ရေးဝန်ကြီးဌာန |

**ပညာရပ်ဆိုင်ရာထူးချွန်တံဆိပ်များ**

**နည်းပညာထူးချွန်တံဆိပ်(ပထမဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးချုပ် | ငွေအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးချုပ် | မြတ်မင်းဦး | ကာကွယ်ရေးဝန်ကြီးဌာန |

**နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | သိန်းလွင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်မှူးကြီး | အောင်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး | ကျော်လင်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်မှူး | ဝင်းကိုကိုနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်ကြီး | အောင်ကြည်မင်း | ကာကွယ်ရေးဝန်ကြီးဌာန |

**(ပုံ) မင်းအောင်လှိုင်**

**ဗိုလ်ချုပ်မှူးကြီး**

**ဥက္ကဋ္ဌ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ၂၅ နှစ်ပြည့် ငွေရတုသဘင်နှင့် ငါးကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ





သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူအဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ငါးကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားတွင် အဖွင့်ဩဝါဒကထာမိန့်ကြားစဉ်။





သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ဘွဲ့ရရှိသူများကို ဘွဲ့လက်မှတ်များချီးမြှင့်အပ်နှင်းစဉ်။

**နေပြည်တော် မတ် ၁၃**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ၂၅ နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကို ယနေ့ ညပိုင်းတွင် စစ်ကိုင်းတောင်ရိုးရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူသံဃသန္နိပါတကျောင်းဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူအဓိပတိဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အမှူးပြုသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အသီးသီးမှ ပါမောက္ခ၊ ကထိကဆရာတော်များ၊ ကျောင်းထိုင်၊ ကျောင်းပိုင်ဆရာတော်၊ ဆရာကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်ကြသည်။

ဦးစွာ နမောတဿ မဟာပဏာမ သုံးကြိမ်ရွတ်ဆိုဘုရားရှိခိုး၍ အခမ်းအနားကိုဖွင့်လှစ်သည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် ဓမ္မဒူတဆေကိန္ဒာရာမတက္ကသိုလ်၏ပါမောက္ခချုပ် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တဆေကိန္ဒ၊ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် ပါမောက္ခချုပ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ကမ္ဘာ့ဗုဒ္ဓသာသနာပြုအောက်စ်ဖို့ဒ်ဆရာတော် ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိ၊ သီတဂူဗုဒ္ဓတက္ကသိုလ်အသီးသီးမှ ကျောင်းအုပ်ဆရာတော်များ၊ အခြားသီလရှင်ဗုဒ္ဓတက္ကသိုလ်များမှ သီလရှင်ဆရာကြီးများက သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ငွေရတုသဘင်အခမ်းအနားသို့ တက်ရောက်လာကြသည့် ဘွဲ့ခံကျောင်းသား၊ ကျောင်းသူများအား ပညာရေးဆိုင်ရာ အသိပညာဗဟုသုတများကို မျှဝေပို့ချခဲ့ကြသည်။

ဆက်လက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက နိဂုံးချုပ်ဆုံးမဩဝါဒမိန့်ကြားပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ၂၅ နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကို သီတဂူအဓိဋ္ဌာန်ရွတ်ဆို၍ ရုတ်သိမ်းခဲ့သည်။

ထို့ပြင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ငါးကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတောင်ရိုးရှိ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူသံဃသန္နိပါတ ကျောင်းဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအမှူးပြုသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် တက္ကသိုလ်ပညာရေးအဖွဲ့ဝင်ဆရာတော်များ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ဖိတ်ကြားထားသည့်ဧည့်သည်များနှင့် ဘွဲ့ခံကျောင်းသား၊ ကျောင်းသူများ၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယသာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအမှူးပြုသော သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အသီးသီးမှ ပါမောက္ခ၊ ကထိကဆရာတော်များ၊ ကျောင်းထိုင်၊ ကျောင်းပိုင်ဆရာတော်၊ ဆရာကြီးများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက နမောတဿ မဟာပဏာမ သုံးကြိမ်ရွတ်ဆိုဘုရားရှိခိုး၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက အဖွင့်ဩဝါဒကထာ မိန့်ကြားသည်။ ဆက်လက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ ပါမောက္ခချုပ်ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ပါမောက္ခချုပ်ဆရာတော်ကြီး၏ဩဝါဒကထာကိုလက်ထောက်ပါမောက္ခချုပ်ဆရာတော်က ဖတ်ကြားသည်။ ယင်းနောက် ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့်ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ဗုဒ္ဓဒေသနာပါရဂူ PhD ဘွဲ့ရနှစ်ဦး၊ ဗုဒ္ဓဒေသနာမဟာဝိဇ္ဇာ MA ဘွဲ့ရရှိ ၈၆ ဦးနှင့် ဗုဒ္ဓဒေသနာဝိဇ္ဇာ BA ဘွဲ့ရရှိသူ ၂၅၉ ဦး စုစုပေါင်း ၃၄၇ ဦးတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။

ယင်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူအဓိပတိဆရာတော်က ဘွဲ့ရရှိသူများကို ဘွဲ့များနှင့်လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဘွဲ့တံဆိပ်များကိုသုံးစွဲခွင့်ပြုခဲ့ပြီး သီတဂူကျောင်းသား၊ ကျောင်းသူများ ထားရှိရမည့်ခံယူချက် ၁၅ ချက်ကို သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ပညာရေးအဖွဲ့ဝင် ဒေါက်တာ ဘဒ္ဒန္တတိက္ခသာရက ဦးဆောင်၍ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများက သံပြိုင်ရွတ်ဆိုကြသည်။ ဆက်လက်၍ အဝေးရောက်ဘွဲ့အပ်နှင်းခြင်းကို အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး သီတဂူအဓိပတိဆရာတော်နှင့် ပါမောက္ခချုပ်ဆရာတော်တို့က ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

၎င်းနောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူအဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရက ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ ပါမောက္ခ၊ ကထိကဆရာတော်များ၊ ဘွဲ့ရကျောင်းသား၊ ကျောင်းသူများနှင့် တက်ရောက်လာကြသည့်ဧည့်ပရိသတ်များက သီတဂူအဓိဋ္ဌာန်ကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရွတ်ဆို၍ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ ပဉ္စမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# ၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်



ဆရာတော်ထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်စဉ်။



မန္တလေးတိုင်းဒေသကြီး၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် မတ် ၁၃**

၂၀၂၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲများနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို ယနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့ရှိ သက်ဆိုင်ရာနေရာများ၌ ပြုလုပ်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များ အသီးသီး တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် သံဃာတော်များက သမ္ဗောဒနီယသြဝါဒကထာ မြွက်ကြားပြီး ပရိတ်တရားများ ရွတ်ပွားချီးမြှင့်တော်မူကြသည်။ ယင်းနောက် တာဝန်ရှိသူများက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘွဲ့ခံဆရာတော်ကြီးများ၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် လူပုဂ္ဂိုလ်တို့အား ဘွဲ့တံဆိပ်တော်များ အသီးသီးဆက်ကပ်ပူဇော်ချီးမြှင့်ကြသည်။ ၎င်းနောက် သံဃာတော်များထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် စေတနာရှင်အလှူရှင်များက သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား သတ်မှတ်နေရာများ၌ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေ ၂ ဒသမ ၅ သန်းပြည့်မြောက်သည့် ဘုရားဖူးလာပြည်သူအား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေ ၂ ဒသမ ၅ သန်းပြည့်မြောက်သည့် ဘုရားဖူးလာပြည်သူအား ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုပေးအပ်စဉ်။

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်းရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ယခင်နှစ် ၂၀၂၃ခုနှစ် ဩဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ်စည်ကားလျက်ရှိသည်။

ထိုသို့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်းရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့် ဩဂုတ် ၈ ရက်မှစ၍ ဘုရားဖူးပြည်သူ အများအပြား နေ့စဉ်လာရောက် ဖူးမြော်ကြည်ညိုကြရာ ယနေ့ထိ ဘုရားဖူးလာသူပြည်သူ ၂ ဒသမ ၅ သန်းကျော်အနက်မှ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်မှ ဒေါ်သန်းသန်းဌွေးသည် မိသားစုများနှင့်အတူ ဘုရားဖူးလာရောက်ရာမှ ဦးရေ ၂ ဒသမ ၅ သန်းပြည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ၂ ဒသမ ၅ သန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်မှ ဒေါ်သန်းသန်းဌွေးနှင့် မိသားစုများကို ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒေါ်သန်းသန်းဌွေးမိသားစုသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံစေတီများ၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ မာရဝိဇယ ကျောင်းတော်၊ သုဓမ္မာဇရပ်များအား လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။ ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ တည်ထားကိုးကွယ်မှုဆိုင်ရာများနှင့် ဦးရေ ၂ ဒသမ ၅ သန်းမြောက် ဘုရားဖူးပြည်သူဖြစ်လာရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။ ၎င်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှုနှင့်အညီ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ ၂ ဒသမ ၅ သန်းမြောက် ဘုရားဖူးပြည်သူ ဒေါ်သန်းသန်းဌွေးအား ဓမ္မလက်ဆောင်အဖြစ် ဉာဏ်တော် ကိုးလက်မအမြင့်ရှိသော စကျင်ကျောက်ဖြင့်ထုဆစ်ထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော် တစ်ဆူ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ဘောင်သွင်းဓာတ်ပုံတစ်ပုံ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သမိုင်းကြောင်းစာအုပ်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၂ ဒသမ ၅ သန်းပြည့်မြောက်သူ ဘုရားဖူးပြည်သူဒေါ်သန်းသန်းဌွေးနှင့် မိသားစုဝင်များ၏ ကြည်နူးပီတိစကားသံများကိုလည်း ယခုလို ကြားသိရပါတယ်–





“မာရဝိဇယဘုရားကြီးကို ပထမဆုံးအကြိမ် လာရောက်ဖူးမြော်ခြင်းဖြစ်ပါတယ်။ ဖူးချင်တာလည်းကြာပါပြီ။ အကျိုးအကြောင်းမညီတဲ့အတွက် နေ့ထူးနေ့မြတ်ကြီးမှာ လာရောက်ဖူးမြော်ရတဲ့အတွက် အရမ်းလည်း ဝမ်းသာကြည်နူးမိပါတယ်။ ဒီလိုနေ့ထူးနေ့မြတ်ကြီးမှာ ထူးခြားတဲ့ဘုရားကြီးကို လာရောက်ဖူးမြော်ရတဲ့အတွက် ဝမ်းသာပီတိတွေလည်း ဖြစ်မိပါတယ်။ တစ်ခါမှမမြင်ဖူးတဲ့အတွက် ဒီဘုရားကြီးရဲ့ မြင်ကွင်းကိုမြင်ရတဲ့အတွက် ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကြည်ညိုမိပါတယ်။ ဒီဘုရားကြီးကို လာရောက်ဖူးမြော်တဲ့အချိန် မထင်မှတ်ပဲနဲ့ ဘယ်ကလာလည်းမေးတော့ ရန်ကုန်ကပါဆိုပြီး တကူးတကဖိတ်ပြီးတော့ ဘုရားရဲ့ ၂ ဒသမ ၅ သန်းပြည့် ကံထူးရှင်ဖြစ်တဲ့အတွက် အံ့ဩပြီး ဝမ်းသာပီတိဖြစ်ပြီး ထူးထူးခြားခြားလေး ရင်ထဲမှာလည်း ခံစားရပါတယ်”ဟုပြောပြသည်။

“ဒီလိုမျိုးကြုံတွေ့ရမယ် ဒီလိုမျိုးလေး ဘုရားကို ကံစမ်းမဲရမယ်လို့ မထင်ထားပါဘူး။ အခုလိုမျိုးရတဲ့အတွက် အတိုင်းမသိ အရမ်းဝမ်းသာပါတယ်။ ဒီကိုလာတဲ့အတွက်လည်း ကံလည်းကောင်းပါတယ်။ ဖူးမြော်ချင်တာက စပြီးဖွင့်တဲ့အချိန်ကတည်းက စပြီးဖူးချင်တာပါ။ အခုမှ ပိတ်ရက်နဲ့ကြုံကြိုက်ပြီး လာရောက်ဖူးမြော်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်”ဟု ပြောပြသည်။

(၅၀၁)





☆ **ကျောဖုံးမှအဆက်**

ကျောင်းကန်ဇရပ်များတွင် ယနေ့နံနက်ပိုင်းမှစတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ တရားသဘင်များကျင်းပခြင်း၊ ဆရာတော်သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်းရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြည်ညိုကြပြီး စိတ်အေးချမ်းသာစွာဖြင့် တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ထားသည့် ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များဖြင့် တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်တော်များအတွင်းမှ ဘုရားကြီးအား ဖူးမြော်ကြည်ညိုကြသည်ကိုလည်း တွေ့မြင်ရသည်။

ယင်းနောက် ဘုရားဖူး ရဟန်းရှင်လူ ပြည်သူများအနေဖြင့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ပိဋကသုံးပုံတော်လာ အဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းထားသည့် ကျောက်စာရုံစေတီများနှင့် အခြား သာသနိက အဆောက်အအုံများကို စိတ်ဝင်စားစွာ ဖူးမြော်လေ့လာကြည်ညိုကြသည်။

ထို့အတူ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများနှင့်အညီ ပရိတ်တရားတော်၊ ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်များကို ရွတ်ပွားပူဇော်ကြကာ ဆီမီး ၃၀၀၀



ပူဇော်ပွဲကိုကျင်းပကြပြီး ကုသိုလ်ဘာဝနာပွားများသူများ၊ ဆင်စာကျွေးသူများ၊ အမှတ်တရလက်ဆောင်ပစ္စည်း အရောင်းဆိုင်များတွင် လက်ဆောင်ပစ္စည်းများ ဝယ်ယူသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ၁၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စေတီတော်မြတ်ကြီး၏ တပေါင်းကွင်း၌ မတ် ၇ ရက်မှ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဂီတဖျော်ဖြေရေးအဖွဲ့များက အခမဲ့ဖျော်ဖြေတင်ဆက်ကြရာ ဘုရားဖူးလာပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တပေါင်းလပြည့်နေ့ ဆွမ်းတော်ကြီးဆက်ကပ်လှူဒါန်းပွဲနှင့် ၂၆၁၃ နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲ ရေစက်ချအခမ်းအနားကို ယနေ့နံနက်ပိုင်းမှစတင်၍ စေတီတော်ရင်ပြင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

ထို့အတူ ယနေ့ တပေါင်းလပြည့်နေ့တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဝရဒါဋ္ဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင် စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတော် ကိုးထပ်ကြီးဘုရားတို့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

အလားတူ မန္တလေးမြို့ရှိ ဘုရားစေတီပုထိုးများတွင် ကုသိုလ်ကောင်းမှုပြုကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများ၊ ဗုဒ္ဓပူဇနိယဘုရားပွဲတော်များသို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ရှိ ဒေသခံပြည်သူများသည် မဟာမုနိရုပ်ရှင်တော်အား ဦးခိုက်ပူဇော်ကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြကာ မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီး၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့တွင်လည်း ကုသိုလ်ပြုဆုတောင်းကြသူများဖြင့် လည်းကောင်း ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာပွားများနေကြသူများဖြင့် လည်းကောင်း စည်ကားလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထို့ပြင် မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားနှင့် အနီးပတ်ဝန်းကျင်ရှိ စေတီပုထိုးများ၌လည်း ဗုဒ္ဓပူဇနိယပွဲတော်များ ကျင်းပလျက်ရှိရာ ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မန္တလေးမြို့ဒေသခံ ကိုမင်းစိုးက "ဒီလမှာ တပေါင်းလပြည့်နေ့အပါအဝင် အစိုးရရုံးပိတ်ရက် ငါးရက်ဖြစ်တဲ့အတွက် ကျွန်တော်တို့လိုဝန်ထမ်းတွေ အပန်းဖြေလည်ပတ်ဖို့အချိန်တွေ အများကြီးရရှိခဲ့ပါတယ်၊ ဒီနေ့ တပေါင်းလပြည့်နေ့မှာလည်း မန္တလေးမြို့က အထင်ကရဘုရားတွေကို သွားရောက် ဖူးမြော်ကြည်ညိုခဲ့ပါတယ်၊ နေ့လယ်ကျရင်တော့ သမိုင်းဝင် ရွှေစာရံဘုရားပွဲတော်ကို မိသားစုနဲ့အတူတူသွားပြီး ဘုရားဖူးမယ်။ ဒုဋ္ဌဝတီမြစ်ထဲမှာ လှေစီးမယ်။ ပြီးရင် ရေကစားမယ်"ဟု ပြောပြသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ရှေးဟောင်းသမိုင်းဝင် သစ္စာအဓိဋ္ဌာန်အောင် ရွှေစာရံဘုရားကြီး၏ ၇၇ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ မန္တလေးမြို့သူ၊ မြို့သားများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ လာရောက်ဆင်နွှဲကြသည့်အပြင် အနီးပတ်ဝန်းကျင် ရှမ်းကုန်းမြေမြင့်မှ ရှမ်းတိုင်းရင်းသားများလည်း လာရောက်ပါဝင်ဆင်နွှဲကြသဖြင့် အထူးစည်ကားလှသောပွဲတော်ကြီးတစ်ခုဖြစ်သည်။

အဆိုပါ ဘုရားပွဲတော်တွင် တောင်ပေါ်မြေပြန့်ဒေသထွက် စားသောက်ကုန်များ၊ မြန်မာ့ချည်ထည်ဝတ်စုံ၊ အထည်အမျိုးမျိုး၊ ကျေးလက်ဒေသထွက်ကုန်သီးနှံများ၊ ဆေးဖက်ဝင်အပင်များ၊ အသုံးအဆောင်ပစ္စည်းများ၊ မြန်မာမုန့်အမျိုးမျိုးနှင့် အမှတ်တရပစ္စည်းများရောင်းချသည့်ဆိုင်ခန်းများအပြင် အပန်းဖြေအနားယူနိုင်မည့် အေးချမ်းသာယာသည့် ဒုဋ္ဌဝတီမြစ်ကမ်းဘေးတွင် တည်ရှိသည့်အတွက် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသူများဖြင့် ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

## ထူးခြားသည့် နေ့အပူချိန်များ (၁၃-၃-၂၀၂၅)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၄၁ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | ဘားအံ (စိုက်ပျိုးရေး မိုးလေဝသ) | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီ | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | တောင်တွင်းကြီး | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် | ညောင်လေးပင် | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၉ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် | ပြည် | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | | | | | |

## ၂၀၂၅ ခုနှစ် မတ် ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# စစ်တွေမြို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်နှင့် အဘယရာဇမုနိဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူသည့် စံကျောင်းတော်နှစ်ဆောင်ကို စိန်ဖူးတော်တင်လှူပူဇော်ခြင်း၊ လက်ဝဲသလုံးတော်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ပြန်လည်ပြုပြင်တင်လှူပူဇော်



စစ်တွေမြို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်နှင့် အဘယရာဇမုနိဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူသည့် စံကျောင်းတော်နှစ်ဆောင်ကို စိန်ဖူးတော်တင်လှူပူဇော်ခြင်း၊ လက်ဝဲသလုံးတော်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် ပြန်လည်ပြုပြင်တင်လှူပူဇော်ခြင်းအခမ်းအနားကျင်းပစဉ်။

**နေပြည်တော် မတ် ၁၃**

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်နှင့် အဘယရာဇမုနိ ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူ ကိန်းဝပ်စံပယ်တော်မူသည့် စံကျောင်းတော်နှစ်ဆောင်အား စိန်ဖူးတော်တင်လှူပူဇော်ခြင်းနှင့် အောင်မြေဥပနာထည့်သွင်းပူဇော်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် လောကနန္ဒာစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၌ကျင်းပရာ စစ်တွေမြို့ ကြွဖြူဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တအမှူးပြုသည့် သံဃာတော်များကြွရောက်တော်မူကြပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ကြွဖြူကျောင်းတိုက် ပဓာနနယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများထံ စိန်ဖူးတော်နှင့် ဥပနာတော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် စိန်ဖူးတော်များကိုပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်စံကျောင်းတော်နှင့် အဘယရာဇမုနိဗုဒ္ဓရုပ်ပွားတော်စံကျောင်းတော်သို့ အသီးသီးပင့်ဆောင်ပူဇော်ကြပြီး လောကနန္ဒာစေတီတော်မြတ်ကြီးရင်ပြင်ထက်ရှိ အောင်မြေနေရာတွင် ဥပနာတော်များ ထည့်သွင်းပူဇော်ကြသည်။

ဆက်လက်၍ စစ်တွေမြို့ ကန်တော်ကြီးအနီးရှိ ရှေးဟောင်းသမိုင်းဝင် လက်ဝဲသလုံးတော် ဓာတ်စေတီတော်မြတ်ကြီးအား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များအား ပြန်လည်ပြုပြင်ပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ခြင်း၊ မင်္ဂလာအခမ်းအနားကို အဆိုပါစေတီတော်မြတ်ကြီးရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကြွဖြူကျောင်းတိုက် ပဓာနနာယကဆရာတော်အမှူးပြုသော သံဃာတော်များထံ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်များကို ပင့်ဆောင်၍ တင်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် ကြွရောက်လာကြသည့် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်ကြပြီး ဗုဒ္ဓါဘိသိက်သွန်းလောင်းပူဇော်ကာ စစ်တွေမြို့ ရွှေစေတီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တအရိယဝံသက ဖြဟ္မဟိပါဠိဘာသာဖြင့် ဇေယျာသိဒ္ဓိခမ်းဂါထာ ရွတ်ပွားပူဇော်သည်။

ထို့နောက် အလှူရှင်များက ရွှေသင်္ကန်းကပ်လှူနိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး စစ်တွေမြို့ တပ်ဦးဆုတောင်းပြည့်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဉာဏဝံသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်၊သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ၇၆ နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၁၃**

၇၆ နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကန်ကြီးရပ်ကွက်ရှိ ပအိုဝ်းအမျိုးသား ဘက်စုံဖွံ့ဖြိုးရေးကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားပြောကြားပြီး ၇၆ နှစ်မြောက် ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားဖြစ်မြောက်ရေးအတွက် အလှူငွေများပေးအပ်ရာ အခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပအိုဝ်းအမျိုးသားနေ့အထိမ်းအမှတ်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# မြောင်မြို့နယ် ပန်းညိုရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးနေကြောင်း မဟုတ်မမှန် ရေးသားထုတ်လွှင့်လျက်ရှိ

**နေပြည်တော် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ပန်းညိုရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မတ် ၁၂ ရက် ညနေပိုင်းကစတင်ပြီး ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးနေကြောင်း ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်ပြီး လုံခြုံရေးတာဝန်ရှိသူများကို မေးမြန်းစုံစမ်းခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက မြောင်မြို့နယ်အတွင်း ကျေးရွာများ၌ မီးရှို့ဖျက်ဆီးခြင်း မရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ငါနဲ့မတူငါ့ရန်သူသဘောထားကာ ၎င်းတို့ကို မထောက်ခံသော ရဟန်းရှင်လူပြည်သူများအား လက်နက်အားကိုးဖြင့် အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးများဖြင့် အကြောင်းမဲ့ ရမ်းသန်းပစ်ခတ်ခြင်းများ ဆောင်ရွက်နေကြသည်မှာ ပြည်သူများအသိပင်ဖြစ်သည်။

အဆိုပါ သတင်းမှားများနှင့်ပတ်သက်၍ တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သည့် မြို့ရွာများတွင် လုံခြုံရေးတပ်ဖွဲ့များက မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခြင်း စသည့် တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတုသတင်းမှားများကို ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသူများကို ဖော်ထုတ်ဖမ်းဆီးရမိ၊ လိုအပ်သည့်စစ်ဆေးဖော်ထုတ်မှုများဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်

နေပြည်တော် မတ် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်း လုပ်ကိုင်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွစွာဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးပူးပေါင်းအဖွဲ့များက မတ် ၁၂ ရက်တွင် **စာမျက်နှာ ၂၆ သို့**


ဖမ်းဆီးရမိ မြန်မာနိုင်ငံသား၏ မှတ်တမ်းဓာတ်ပုံ။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် နေရာပြပုံ





ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စုအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် တရားမဝင် ပြည်ပနိုင်ငံသားများကို ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် Star Link နှင့် မိုဘိုင်းဖုန်းမျိုးစုံ၏ မှတ်တမ်းဓာတ်ပုံ။


တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။


ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် နားဟုတ်ကျေးရွာအုပ်စုအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် အဆောက်အအုံများအား မဖျက်ဆီးမီမှတ်တမ်းဓာတ်ပုံ။


အဆောက်အအုံများကို စက်ယန္တရားများဖြင့် ဖျက်ဆီးနေသည့် မှတ်တမ်းဓာတ်ပုံ။

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသားဦးရေ ၄၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသားဦးရေ ၂၇၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် မတ် ၁၃

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို ထိထိရောက်ရောက် ပြတ်ပြတ်သားသား တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

ထို့သို့ဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ဦးရေ ၄၅၀ ကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းသူကျော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ပြစ်မှုဆိုင်ရာစုံစမ်းစစ်ဆေးရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Liu Ning Ning၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့-မင်းလက်ပံနှင့် KK Park နယ်မြေတို့သို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ဗီယက်နမ်နိုင်ငံသား ၂၄၄ ဦးနှင့် အိန္ဒိယနိုင်ငံသား ၂၆ ဦး စုစုပေါင်းပြည်ပနိုင်ငံသားဦးရေ ၂၇၀ ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁၃ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၆၀၁၅ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၃၂၁၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၈၀၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



အဆောက်အအုံများကို စက်ယန္တရားများဖြင့် ဖျက်ဆီးနေသည့် မှတ်တမ်းဓာတ်ပုံ။

စာမျက်နှာ ၂၅ မှအဆက်

အဆိုပါမြို့နယ်ရှိ နားဟုတ်ကျေးရွာအုပ်စုအတွင်း ရှာဖွေဖော်ထုတ်စစ်ဆေးခဲ့ရာ တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ လုပ်ဆောင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသား ၁၆၅ ဦး၊ မြန်မာနိုင်ငံသား တစ်ဦးတို့ကို အလျား ပေ ၂၀၀၊ အနံ ပေ ၆၀ ရှိ သွပ်မိုးခန်းမ တစ်လုံး၊ ခုနစ်ခန်းတွဲ ယာယီလူနေအဆောက်အအုံ ငါးလုံး၊ လုပ်ငန်းသုံးပရိဘောဂပစ္စည်းများ၊ Star Link နှစ်စုံ၊ ဖုန်းမျိုးစုံအလုံး ၃၀၊ All in One ကွန်ပျူတာ ငါးလုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



အဆောက်အအုံများကို စက်ယန္တရားများဖြင့် ဖျက်ဆီးနေသည့် မှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်တွင် ဖမ်းဆီးရမိသူများကို စနစ်တကျစိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီတရားစွဲဆိုအရေးယူဆောင်ရွက်နိုင်ရန်နှင့် ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင်လည်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ် တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံကုလားပဲ ဧက ၂၃၆၀ ထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၆ ဒသမ ၂၅ တင်း ထွက်ရှိ



ရွှေဘို မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကုလားပဲ ဧက ၂၃၆၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၆ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၄၆၄၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ကုလားပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၂၃၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၆ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ ကုလားပဲ ဧက ၄၆၄၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကုလားပဲခင်းတွေ လက်ရှိ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ကုလားပဲအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်၌ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့် ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် ကုလားပဲကို အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မိုင်းတုံမြို့နယ် တာကွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းတုံ မတ် ၁၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာကွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် တာဝန်ရှိသူများက တာကွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်စွာက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ကြရန် ဆွေးနွေးမှာကြားသည်။

တာကွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ တာကွမ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၈ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၂၅၉ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာထံမှ သိရသည်။

မောင်ခိုင်

# တက္ကသိုလ်ဝင်စာမေးပွဲကြီးကို ထူးချွန်အောင်မြင်အောင် ဖြေဆိုကြစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် Grade-12 ၌ ပညာသင်ယူနေသောကျောင်းသား၊ ကျောင်းသူများသည် မတ် ၁၇ ရက်နေ့မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲကြီး စတင်ဖြေဆိုရတော့မည်ဖြစ်သည်။ တက္ကသိုလ်ဝင်စာမေးပွဲကြီး၌ ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၂ ဒသမ ၂ သိန်းကျော်သည် ရင်ခုန်စိတ်လှုပ်ရှားနေမည်ဖြစ်သည်။ ကျောင်းသားမိဘများသည်လည်း ကလေးများကို စောင့်ကြည့်ကာ လိုအပ်သည်များ ဖြည့်ဆည်းရင်း ရင်ခုန်စိတ်လှုပ်ရှားနေကြမည်ဖြစ်သည်။

မိဘများသည် သား၊ သမီးများကို တိုးတက်အောင်မြင်ကြီးပွားစေလိုကြသည်။ ငွေကြေးမပြည့်စုံသည့်တိုင်အောင် သား၊ သမီးများ အဆင့်မြင့်ပညာသင်ယူနိုင်စေရန် ခြိုးခြံချွေတာ၍ ပညာသင်ရန် ကျောင်းတတ်စေရသည်။ အထူးသဖြင့် အောက်ခြေဝန်ထမ်းများသည် သား၊ သမီးများကို ပညာရေးအမွေမှ လွဲ၍ ငွေကြေး၊ ပစ္စည်းဥစ္စာများပေးနိုင်ကြသည် မဟုတ်ပေ။ ထို့ကြောင့် သား၊ သမီးများ၏ တက္ကသိုလ်ဝင်တန်းအတွက် ငွေကြေးများစွာရင်းနှီးကြရသည်။

**စိတ်တည်ငြိမ်နေရန်လို**

တက္ကသိုလ်ဝင်စာမေးပွဲကာလသည် နွေဦးတပေါင်းလကာလဖြစ်သည်။ တောင်လေတဖြူးဖြူးတိုက်နေပြီဖြစ်သည်။ လက်ပံပင်များကလည်း နီရဲနေအောင်ပွင့်နေပြီဖြစ်သည်။ အဖော်မဲ့ဥသြငှက်ကလည်း တွန်သံပေးနေပြီဖြစ်သည်။ နွေသရုပ်ပေါ်နေပြီဖြစ်သည်။ နွေဦးလေရူးနှင့်အတူ တချို့သော ကျောင်းသား၊ ကျောင်းသူများသည် စိတ်ခံစားမှုပျံ့လွင့်နေတတ်သည်။ ကျက်မှတ်ထားပြီးသည့်စာများကိုပင် ပြန်နွှေးရန် စိတ်မပါသလိုဖြစ်နေတတ်သည်။ ထိုအချိန်မျိုးတွင် မိဘအုပ်ထိန်းသူများသည် မိမိ၏ကလေးများကို စိတ်ဓာတ်မြှင့်တင်ပေးရန် လိုသည်။ အထူးသဖြင့် မိဘအုပ်ထိန်းသူများသည် စာမေးပွဲကာလတွင် ကလေးများ၏ သွားလာလှုပ်ရှားမှုကို မျက်ခြည်မပြတ်ကြည့်ထားရန် လိုအပ်သည်။

**ပြန်လည်လေ့ကျင့်ရန်လို**

အမှန်စင်စစ်မှာမူ ပညာသင်နှစ်အစကတည်းက ပုံမှန်လေ့လာကျက်မှတ်ခဲ့သော ကလေးများသည် ယခုအခါ သင်ခန်းစာအားလုံး ကြေညက်လောက်ပြီဖြစ်သည်။ တစ်နှစ်လုံး သင်ယူကျက်မှတ်ထားသော သင်ခန်းစာ အားလုံး ပြန်လည်နွှေးရမည့် အချိန်ဖြစ်သည်။ ဘာသာရပ်အလိုက် အရေးကြီးသည့်အချက်အလက်များကို ပြန်လည်ဖတ်ခြင်း၊ လေ့ကျင့်ခြင်းတို့ ဆောင်ရွက်နေရန်သာဖြစ်သည်။ ဦးနှောက်ကြည်လင်လန်းဆန်းနေအောင် ပေါ့ပေါ့ပါးပါးနေရမည်ဖြစ်သည်။ ခဏတဖြုတ် တီဗီကြည့်ခြင်း၊ လမ်းလျှောက်ထွက်ခြင်းတို့ ပြုလုပ်ပေးရမည်ဖြစ်သည်။

**ကျန်းမာရေးအထူးဂရုစိုက်ရန်လို**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကလေးအားလုံးအတွက် အရေးကြီးဆုံးအချက်သည် ကျန်းမာရေး ကောင်းမွန်နေရန်ပင်ဖြစ်သည်။ နာစေး၊ ချောင်းဆိုးဖြစ်၍ပင်မရပေ။ ကလေးတစ်ဦးသည် စာကို မည်မျှပင်ပိုင်နိုင်နေစေကာမူ စာမေးပွဲကာလတွင် ကျန်းမာရေးတစ်ခုခု ချို့ယွင်းနေမည်ဆိုလျှင် ထင်သလောက် ဖြေဆိုနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်စွာ နေထိုင်စားသောက်ရန် လိုအပ်သည်။

**ဗိုအားမပေးသင့်**

တချို့သော မိဘများသည် ကလေးများကို စာမေးပွဲနီးမှသာ ညဉ့်နက်သည်ထိ စာကျက်ခိုင်းလေ့ရှိကြသည်။ မအိပ်ချင်အောင် လက်ဖက်သုပ်များစားခိုင်းသည်။ ကော်ဖီ၊ လက်ဖက်ရည်များ သောက်ခိုင်းသည်။ အချဉ်များစားခိုင်းသည်။ ငှက်သိုက်၊ ကြက်ပေါင်းရည်နှင့် ကျွဲရိုင်းကဲ့သို့သော အားဖြည့်အချိုရည်များတိုက်ကြသည်။ ထိုသို့ လုပ်ခြင်းသည် ကလေးကို ညှဉ်းပန်းနှိပ်စက်နေခြင်းသာဖြစ်သည်။ ကလေးသည် စာကျက်မရသည့်အပြင် အိပ်ရေးပျက်ထားသောကြောင့် စာမေးပွဲဖြေဆိုရာတွင်လည်း စိတ်ရွှင်လန်းမှု၊ ဦးနှောက်ကြည်လင်မှု မရှိဖြစ်တတ်သောကြောင့် ဆင်ခြင်သင့်သည်။

ထို့ပြင် တချို့သောမိဘများသည် ဗေဒင်နှင့် အခါတော်ပေးများလုပ်ခိုင်းသည့်အတိုင်း ကလေးများကို ဂါထာများရွတ်ခိုင်းခြင်း၊ စာမေးပွဲခန်းသို့ အဆောင်ယတြာများယူခိုင်းခြင်းများ ပြုလုပ်စေသည်။ ထိုသို့ လုပ်ခြင်းသည် ကလေးများ၏ ကြိုးစားအားထုတ်လိုသောစိတ်ဓာတ်ကို ဖျက်ဆီးပစ်လိုက်ခြင်းဖြစ်သည်။ တချို့သော ကလေးများသည် ဂါထာများရွတ်နေရာဖြင့် သင်ခန်းစာများပြန်လည်နွှေးရန် အချိန်ပင်မရတော့ပေ။ စာကျက်မှတ်နေသည့် ကလေးများကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်သင့်ပေ။

❖အမှန်စင်စစ်မှာမူ ပညာသင်နှစ်အစကတည်းက ပုံမှန်လေ့လာကျက်မှတ်ခဲ့သော ကလေးများသည် ယခုအခါ သင်ခန်းစာအားလုံးကြေညက်လောက်ပြီဖြစ်သည်။ တစ်နှစ်လုံး သင်ယူကျက်မှတ်ထားသော သင်ခန်းစာအားလုံး ပြန်လည်နွှေးရမည့် အချိန်ဖြစ်သည်။ ဘာသာရပ်အလိုက် အရေးကြီးသည့်အချက်အလက်များကို ပြန်လည်ဖတ်ခြင်း၊ လေ့ကျင့်ခြင်းတို့ ဆောင်ရွက်နေရန်သာဖြစ်သည်။ ဦးနှောက်ကြည်လင်လန်းဆန်းနေအောင် ပေါ့ပေါ့ပါးပါးနေရမည်ဖြစ်သည်။ ❖

**ကြိုတင်ပြင်ဆင်ထားရန်လို**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာမေးပွဲအတွက် လိုအပ်သည့် ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ကွန်ပါဘူးများကို စနစ်တကျကြိုတင်ပြင်ဆင်ထားသင့်ပေသည်။ ဘောပင်၊ ခဲတံများကို ကြိုတင်၍ အစမ်းရေးထားသင့်သည်။ မင်လိုက်ကောင်းသော ဘောပင်အမျိုးအစားကို ဝယ်ထားသင့်သည်။ ခဲသားချောသည့် ခဲတံသည် ပုံဆွဲရာတွင် အဆင်ပြေစေသည်။ တချို့သောခဲတံများသည် အရောင်မှိန်သဖြင့် ရုပ်ပုံနှင့် မျဉ်းကြောင်းများမှေးမှိန်နေတတ်ပေသည်။ ထို့အတူ တချို့သောခဲဖျက်များသည် ပျက်မသွားဘဲ အဖြေလွှာများတွင် မဲညစ်ကာ ကျန်နေတတ်သဖြင့် အရည်အသွေးကောင်းမွန်သော ခဲဖျက်များကို ဝယ်ထားသင့်သည်။ အထူးသဖြင့် စာမေးပွဲဖြေဆိုမည့် ရက်များတွင် ဝတ်ဆင်မည့် ကျောင်းဝတ်စုံများ၊ ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ၊ ကွန်ပါဘူးစသည့် စာရေးကိရိယာများကို ကြိုတင်ပြင်ဆင်ထားသင့်ပေသည်။

**ဘာသာတရားကိုင်းရှိုင်းရန်လို**

စာမေးပွဲဖြေဆိုကြမည့် ကလေးများအနေဖြင့် ရတနာသုံးပါးနှင့် အနန္တောအနန္တငါးပါး၏ ဂုဏ်ကျေးဇူးကို မမေ့သင့်ပေ။ ခင်ပွန်းကြီးဆယ်ပါးကိုလည်း မပစ်မှားသင့်ပေ။ စာမေးပွဲဖြေဆိုမည့်နေ့တွင် ကျောင်းသို့မသွားမီ မြတ်စွာဘုရားရှေ့မှောက်တွင် ငါးပါးသီလခံယူ၊ ဆွမ်း၊ ရေချမ်း၊ ဆီမီးကပ်လှူခြင်း၊ မိဘများအား ကန်တော့ခြင်း၊ ခင်ပွန်းကြီး ၁၀ ပါးအား ကန်တော့ခြင်း၊ သတ္တဝါများအား မေတ္တာပို့ခြင်းများ ပြုလုပ်သင့်ပေသည်။ စာမေးပွဲခန်းစောင့်ဆရာ၊ ဆရာမများကို မေတ္တာပို့သွားသင့်သည်။ မေတ္တာစွမ်းအားသည် မမျှော်လင့်သော အခက်အခဲများကို ကျော်လွှားနိုင်သည်။ မိမိပြုခဲ့ဖူးသော အလှူဒါန၊ သီလ၊ ဘာဝနာတို့ကိုလည်း မှန်ကန်စွာ သစ္စာပြုနိုင်ပါသည်။

**ပြင်ဆင်ပေးသင့်**

အမှန်တွင် မိဘများအနေဖြင့် တတ်နိုင်ပါက သား၊သမီးများအတွက် ကျောင်းဝတ်စုံကို သပ်သပ်ရပ်ရပ်စီစဉ်ပေးသင့်ပါသည်။ စာမေးပွဲဖြေဆိုသည့်ရက်များတွင် ဝမ်းနှုန်းစာများ၊ အပူအစပ်၊ အဆီအအိမ့်များ မကျွေးသင့်ပေ။ အစာကြေလွယ်သော အစားအသောက်များ၊ ရေအနည်းငယ်တိုက်ခြင်းများ ပြုလုပ်သင့်ပေသည်။ စိတ်တည်ငြိမ်စွာထားပြီး အကောင်းဆုံးဖြေဆိုရန်မှာသင့်သည်။

**ကျောင်းသို့ ကြိုတင်သွားရန်လို**

စာမေးပွဲမဖြေဆိုမီ အနည်းဆုံးမိနစ်သုံးဆယ်ခန့် ကြိုတင်ရောက်သင့်သည်။ စာမေးပွဲဖြေဆိုခွင့်ကတ် မမေ့စေရန် အထူးသတိထားရမည်ဖြစ်သည်။ ကျောင်းဝတ်စုံကိုလည်း သပ်သပ်ရပ်ရပ်ဝတ်ဆင်သွားသင့်သည်။ စိတ်နှင့်ကိုယ်ရွှင်လန်းတက်ကြွနေမှသာလျှင် မိမိကိုယ်ကို ယုံကြည်မှုရှိနေမည်ဖြစ်သည်။ စာမေးပွဲခန်းဝင်ရန် ခေါင်းလောင်းတီးသည်နှင့် လိုအပ်သည့် ဘောပင်၊ ခဲတံ၊ ပေတံ၊ ခဲဖျက်၊ ကွန်ပါဘူးများကို တစ်ပါတည်းယူသွားသင့်သည်။ စာမေးပွဲခန်းကြီးကြပ်သူများက စည်းကမ်းချက်များဖတ်ပြလျှင် သေချာဂရုစိုက်နားထောင်သင့်သည်။

**စနစ်တကျဖြေဆိုသင့်**

သက်ဆိုင်ရာဘာသာရပ်အလိုက် မေးခွန်းလွှာဝေလျှင် အစ၊ အဆုံး သေချာစွာ ဖတ်သင့်သည်။ မေးခွန်းလွှာတွင် စာများပျက်နေလျှင်၊ နံပါတ်ကျော်နေလျှင်၊ မေးခွန်းမစုံလျှင်၊ မေးခွန်းတွင် တစ်ခုခုလွဲချော်နေလျှင် အခန်းစောင့် ဆရာ၊ ဆရာမများကို ချက်ချင်းသတင်းပို့သင့်သည်။ ပေးထားချက် မေးခွန်းကိုနားမလည်လျှင် သက်ဆိုင်ရာ ဘာသာပြဆရာ၊ ဆရာမများ လာရောက်ရှင်းလင်းပြောပြသည့် အချိန်တွင် ထ၍ မေးရန်လိုသည်။

အဖြေလွှာတွင် မိမိခုံနံပါတ်ကို ပီသစွာရေးရမည်။ စာမေးပွဲအခန်းစောင့်များက ဖြေဆိုနိုင်ပြီဟု ဆိုသည်နှင့် မေးခွန်းကို သေချာနားလည်စွာဖတ်ပြီး နံပါတ်တပ်ဖြေဆိုရမည်ဖြစ်သည်။ မဖြေနိုင်သည့် မေးခွန်းနံပါတ်ကို ကျော်သွားသင့်သည်။ ထိုပုစ္ဆာအတွက်အချိန်မဖြုန်းသင့်ပေ။ မရသည့်အကြောင်းအရာကို စဉ်းစားနေမည်ဆိုလျှင် ကျက်ထားသော စာများကိုပင် ရောထွေး၊ မေ့လျော့သွားနိုင်သည်။ မေးခွန်းတစ်ပုဒ်ဖြေဆိုပြီးတိုင်း သေချာစွာ မျဉ်းသား၍ ပိတ်ရမည်။ မေးခွန်းတစ်ခုချင်းစီအလိုက် ပေးထားသောအမှတ်နှင့် လျော်ညီစွာဖြေဆိုသင့်ပေသည်။ ထပ်တောင်းသည့်အဖြေလွှာများတွင် မိမိခုံနံပါတ် ရေးရန် လိုအပ်သည်။

စာမေးပွဲခန်းထဲတွင် ဘေး၊ ဘယ်၊ ညာ၊ ရှေ့၊ နောက် လှည့်ပတ်ကြည့်ခြင်း၊ မေးမြန်းခြင်း၊ စကားပြောဆိုခြင်းမျိုး လုံးဝမပြုလုပ်သင့်ပေ။ မေးခွန်းအားလုံးဖြေဆိုပြီးချိန်တွင် နံပါတ်များအားလုံး ရေးထားခြင်း ရှိ၊မရှိနှင့် စာလုံးပေါင်းများ မှန်၊ မမှန် အဖြေလွှာများပေါ်တွင် ခြစ်ရာများ ရှိ၊ မရှိ တို့ကို ပြန်လည်စစ်ဆေးသင့်ပေသည်။ စာမေးပွဲအခန်းပြင်ဘက်ရောက်ပြီးမှ မိမိအဖြေလွှာကို ပြန်လည်ကြည့်ရှုခွင့်ရတော့မည် မဟုတ်သဖြင့် သတ်မှတ်အချိန်ပြည့်မှသာ စာမေးပွဲခန်းထဲမှ ထွက်သင့်သည်။

**ခေါင်းထဲမှထုတ်ထားရန်လို**

မြန်မာစာဖြေဆိုသည့်နေ့မှစ၍ ဖြေဆိုပြီးသည့် ဘာသာရပ်တိုင်းကို ခေါင်းထဲမှ ထုတ်ထားရန် လိုသည်။ အကောင်းဆုံးကြိုးစားဖြေဆိုပြီးပြီဟု ဆုံးဖြတ်ထားရမည်။ တချို့သော ကျောင်းသား၊ ကျောင်းသူများသည် ဖြေဆိုပြီးဘာသာရပ်များ အပေါ် အားမလိုအားမရဖြစ်နေတတ်သည်။ မှားယွင်းမှုအတွက် နောင်တရနေတတ်သည်။ တနုံ့နုံ့ဖြင့် ခံစားနေတတ်သည်။ ထိုသို့ဖြစ်နေမည်ဆိုလျှင် နောက်ထပ်ဖြေဆိုရမည့်ဘာသာရပ်များတွင် စိတ်ဖြောင့်ဖြောင့် ကျက်မှတ်နိုင်တော့မည်မဟုတ်ချေ။ စင်စစ်အားဖြင့် ဦးနှောက်ထဲတွင် နေ့စဉ်ဖြေဆိုရမည့် ဘာသာရပ် တစ်ခုချင်းစီကိုသာ ထည့်ထားရမည်ဖြစ်သည်။ ဖြေဆိုပြီးသည့် ဘာသာရပ်အားလုံးကို ခေါင်းထဲမှ ထုတ်ပစ်ရန် လိုသည်။ ဦးနှောက်ကို ရှင်းရှင်းထားရန် လိုအပ်သည်။

**ဆုံးဖြတ်ချက်မှန်ကန်ရန်လို**

တချို့သော ကျောင်းသူ၊ ကျောင်းသားများသည် ဘာသာရပ်အားလုံးကို ကောင်းမွန်စွာ ဖြေဆိုနိုင်ကြသည်။ တချို့မှာမူ အားမရသည့် ဘာသာရပ်များ ရှိကောင်းရှိနိုင်သည်။ တချို့ကလေးများသည် မျှော်မှန်းထားသော ဘာသာရပ်များ ဂုဏ်ထူးမထွက်နိုင်သဖြင့် နောက်ဆုံးနေ့တွင် အဖြေလွှာကို ကြက်ခြေခတ်ခဲ့ကြသည်။ လွန်စွာမှားယွင်းသော လုပ်ရပ်ပင်ဖြစ်သည်။ လက်ရှိပစ္စုပ္ပန်အချိန်ထက် ကောင်းသောအချိန် မရှိပေ။ နောက်တစ်နှစ်ဆိုသော အချိန်သည် မသေချာ၊ မရေရာပေ။ ထို့ကြောင့် အဖြေလွှာကို ခြစ်ပစ်သည့်လုပ်ရပ်မျိုးကို အထူးရှောင်ကြဉ်သင့်ပေသည်။ သူများစကားကို နားမယောင်သင့်ပေ။ မိမိကံကြမ္မာကို မိမိကိုယ်တိုင်ဖန်တီးနိုင်ရမည်ဖြစ်သည်။ စာမေးပွဲခန်းထဲတွင် ဆုံးဖြတ်ချက်မှန်ကန်ရန် အထူးအရေးကြီးသည်။

အချုပ်ဆိုရလျှင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် Grade-12 ၌ ပညာသင်ယူနေသော ကျောင်းသား၊ ကျောင်းသူအားလုံးသည် ၂၀၂၅ ခုနှစ် မတ် ၁၇ ရက်နေ့တွင် တက္ကသိုလ်ဝင်စာမေးပွဲကြီး ဖြေဆိုကြရတော့မည်ဖြစ်သည်။ ထိုစာမေးပွဲကြီးသည် အထက်တန်းကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်ကို အဆုံးအဖြတ်ပေးမည့်စာမေးပွဲကြီးလည်းဖြစ်သည်။ ထိုစာမေးပွဲတွင်သာ ထူးချွန်စွာဖြေဆိုနိုင်မည်ဆိုလျှင် မိမိဆက်လက်ပညာဆည်းပူးလိုသော တက္ကသိုလ်ကို တက်ရောက်ခွင့်ရကြမည်ဖြစ်သည်။ စာသင်နှစ်အစကတည်းက ပုံမှန်လေ့လာသင်ယူကျက်မှတ်ခဲ့သော ကျောင်းသား၊ ကျောင်းသူများသည် ဆန္ဒနှင့် ဘဝတစ်ထပ်တည်းဖြစ်ကြမည်ဖြစ်သည်။ ထို့ကြောင့် ကျောင်းသားလူငယ်များအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကြီးဖြေဆိုနေစဉ်အတွင်း အစစအရာရာ ဆင်ခြင်နေထိုင်ပြီး မေးခွန်းများကို နားလည်အောင် အပြန်ပြန်အလှန်လှန်ဖတ်ကာ အောင်မှတ်ရရှိအောင် တတ်နိုင်ပါက ဂုဏ်ထူးအမှတ်များရရှိသည်ထိ ကိုယ်စွမ်းဉာဏ်စွမ်းကို အစွမ်းကုန်ထုတ်၍ ဖြေဆိုနိုင်ကြပါစေကြောင်း ရေးသားလိုက်ပါသည်။

# စနေနေ့ညကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ နိုင်ပွဲရှာဖို့လိုအပ်နေတဲ့ ဝုဖ်အသင်း၊ အေစီမီလန်အသင်း၊ မာယော့ကာအသင်းတို့ကို ရွေးရမှာပါ

ML



ဥရောပအမှတ်ပေးပွဲစဉ်တွေဟာ ပြိုင်ပွဲပြီးဆုံးဖို့ နီးကပ်လာတာကြောင့် အသင်းတိုင်းက ရည်မှန်းချက်ကိုယ်စီနဲ့ ပွဲတိုင်းကိုရေကုန်ရေခန်းကစားလာတာကိုတွေ့ရမှာပါ။ ပြီးခဲ့တဲ့အပတ် စနေနေ့ညမှာဆိုရင် ပရီးမီးယားလိဂ်မှာ နော်တင်ဟမ်ကမန်စီးတီးကိုအနိုင်ရခဲ့သလို ဘွန်ဒက်လီဂါမှာ ဘိုချမ်က ဘိုင်ယန်မြူးနစ်၊ ဝါဒါဘရီမင်ကလေဗာကူဆင်၊ အော့စ်ဘတ်က ဒေါ့မွန်ကို အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် လာလီဂါမှာ အလာဗက်က ဗီလာရီးရဲလ်ကို တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာတွေကိုကြည့်ရင် အသင်းငယ်တွေရမှတ်မဆုံးရှုံးဖို့ အစွမ်းကုန်ကြိုးစားလာတာကို သတိပြုရမှာပါ။ ဒါကြောင့် လာမဲ့စနေနေ့ညမှာလဲ အသင်းကြီး၊ အသင်းငယ် မရွေးတော့ဘဲ တန်းဆင်းဇုန်ကလွတ်ဖို့ ရမှတ်ရှာဖွေရမဲ့ အသင်းတွေနဲ့ ဥရောပဝင်ခွင့်အတွက် ရမှတ်လိုအပ်နေတဲ့ အသင်းတွေကိုသာ ဦးစားပေးရွေးချယ်သွားမှာဖြစ်ပါတယ်။

### ဝုဖ်အသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ် ၂၉ မှာ အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆောက်သမ်တန်အသင်းနဲ့ ဝုဖ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိ ဆောက်သမ်တန်အသင်းဟာ အမှတ်ပေးပွဲ ၂၈ ပွဲအပြီးမှာရမှတ် ကိုးမှတ်သာရခဲ့လို့ အမှတ်ပေးဇယားအောက်ဆုံးရောက်ရှိနေပြီး ချန်ပီယံရှစ်ပြန်ဆင်းရဖို့ သေချာနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် အသင်းတာဝန်ရှိသူတွေကလဲ လာမဲ့ပွဲစဉ်တွေအနိုင်ရရေးအတွက် လာမဲ့ရာသီချန်ပီယံရှစ်မှာ ကစားပုံတိုးတက်လာဖို့အတွက် ကြိုတင်ပြင်ဆင်နေတာကိုသတိပြုရမှာပါ။ ဆောက်သမ်တန်အသင်းဟာ ပရီးမီးယားလိဂ် တန်းတက်ခွင့်ရလာချိန်မှာ အတွေ့အကြုံရှိတဲ့ ကစားသမားတွေဖြစ်တဲ့ ရမ်ဒေးလ်၊ အာချာ၊ အူဂိုချူကူ၊ မာတီးယက်စ်၊ ကော်နက်၊ ဖရေဆာတို့လို ကစားသမားတွေခေါ်ယူခဲ့ပေမဲ့ ထင်သလောက်အလုပ်မဖြစ်ခဲ့ဘဲ အမှတ်ပေးပွဲမှာ နှစ်ပွဲသာအနိုင်ရခဲ့ပြီး ခံစစ်ကပေးဂိုး ၆၈ ဂိုးနဲ့ ပေးဂိုးအများဆုံးဖြစ်ခဲ့တာဖြစ်ပါတယ်။ နောက်ဆုံးငါးပွဲဆက်မှာဆိုခံစစ်ကပေးဂိုး ၁၅ ဂိုးထိရှိခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အသင်းလိုက်ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဆောက်သမ်တန်အသင်းကို ကစားပုံတိုးတက်လာတဲ့ ဝုဖ်အသင်းက ဖိအားပေးနိုင်မှာဖြစ်ပါတယ်။

ဝုဖ်အသင်းဟာ နည်းပြအိုနေးလက်ထက်မှာကစားပုံကျဆင်းသွားတာကြောင့် ပြီးခဲ့တဲ့နှစ်ဒီဇင်ဘာလမှာ နည်းပြပါရဲရားကိုခန့်အပ်ခဲ့တာကိုတွေ့ရမှာပါ။ အဲဒီနောက်မှာ အသင်းခံစစ်ကစားပုံကောင်းလာခဲ့ပြီး အသင်းကြီးတွေကိုတောင် ဖိအားပေးကစားနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ၂၈ ပွဲအပြီးမှာရမှတ် ၂၃ မှတ်ရခဲ့တာကြောင့် အဆင့်(၁၇) မှာရပ်တည်နေပြီး တန်းဆင်းဇုန်ကအစ်ဝုစ်အသင်းနဲ့ ရမှတ်ခြောက်မှတ်ကွာဟနေတာကိုတွေ့ရမှာပါ။ ဒါကြောင့် တန်းဆင်းဇုန်ဖိအားရှိနေတဲ့ သူတို့အသင်းအနေနဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ အနည်းဆုံးရမှတ်ခွဲယူဖို့ ကြိုးပမ်းလာပြီးပြိုင်ပွဲတိုင်းကို အာရုံစိုက်ကစားခဲ့တာကိုသတိပြုရမှာပါ။ နောက်ဆုံး ငါးပွဲဆက်မှာတစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့သလို တိုက်စစ်က ပွဲတိုင်းဂိုးရခဲ့တာဖြစ်ပါတယ်။ လက်ရှိ တိုက်စစ်ကို ကန်ဟာ ဦးဆောင်နေပေမဲ့ ကစားသမားအနေနဲ့ အနီကတ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာမဟုတ်သေးဘဲ သူ့နေရာမှာ ဟီချန်ဝမ်၊ ဆာရာဘီးယား၊ ဂွီဒက်စ်တို့ပါဝင်ကစားနေတာကို တွေ့ရမှာပါ။ လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုမှာလဲ ဝုဖ်အသင်းက ဆောက်သမ်တန်အသင်းထက် သာနေတာကြောင့် တန်းဆင်းဇုန်ဖိအားကရုန်းထွက်မဲ့ ဝုဖ်အသင်းရလဒ်ကောင်းမှာပါ။

### ဆောက်သမ်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆောက်သမ်တန် | ၀ | - | ၁ | ဘန်လေ |
| ဆောက်သမ်တန် | ၁ | - | ၃ | ဘုန်းမောက် |
| ဆောက်သမ်တန် | ၀ | - | ၄ | ဘရိုက်တန် |
| ချဲလ်ဆီး | ၄ | - | ၀ | ဆောက်သမ်တန် |
| လီဗာပူး | ၃ | - | ၁ | ဆောက်သမ်တန် |

### ဝုဖ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၁ | ဝုဖ် |
| ဘုန်းမောက် | ၀ | - | ၁ | ဝုဖ် |
| ဝုဖ် | ၁ | - | ၂ | ဖူလ်ဟမ် |
| ဘုန်းမောက် | ၁ | - | ၁ | ဝုဖ် |
| ဝုဖ် | ၁ | - | ၁ | အဲဗာတန် |

### အေစီမီလန်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညကစားမဲ့ စီးရီးအေပွဲမှာအကြိုက်တွေ့တာကတော့ အေစီမီလန်နဲ့ ကိုမိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အေစီမီလန်အသင်းဟာ အခုရာသီမှာ စူပါဖလားရယူနိုင်ခဲ့ပြီး ကိုပါအီတာလီယာဖလားမှာလဲ ရိုးမားကိုအနိုင်ယူရခဲ့တာကြောင့် ဆီမီးဖိုင်နယ်ထိရောက်ခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိအမှတ်ပေးဇယားမှာတော့ ၂၈ ပွဲအပြီးရမှတ် ၄၄ မှတ်သာရခဲ့တာကြောင့် အဆင့်(၉) မှာရောက်နေပြီး ချန်ပီယံဆုကိုစိန်ခေါ်နိုင်စွမ်းမရှိတော့ပါဘူး။ ဒါပေမဲ့ အဆင့်(၄) က ဂျူဗင်တပ်နဲ့ ရမှတ်ရှစ်မှတ်သာကွာဟတာကြောင့် လာမဲ့ပွဲတွေမှာရမှတ်စုဆောင်းနိုင်မယ်ဆိုရင် ဥရောပဝင်ခွင့်တစ်နေရာရဖို့သေချာမှာပါ။ သူတို့အသင်းဟာ နည်းပြဖွန်စီကာလက်ထက်မှာ ခံစစ်ကစားပုံအားနည်းခဲ့ပေမဲ့ နည်းပြသစ်ကွန်စီကာအိုလက်ထက်မှာ ခံစစ်ပိုင်းတိုးတက်လာတာကိုတွေ့ရမှာပါ။ ဒါ့ပြင် နည်းပြသစ်ဟာ အဆုံးအဖြတ်ပွဲစဉ်တွေမှာဆို နိုင်ပွဲရှာနိုင်တဲ့နည်းဗျူဟာကတော့ အင်တာမီလန်ကိုစူပါဖလားဗိုလ်လုပွဲနဲ့ ရိုးမားကို ကိုပါအီတာလီယာကွာတားဖိုင်နယ်မှာ အနိုင်ယူသွားတာကတော့ အားရစရာဖြစ်ပါတယ်။

ကိုမိုအသင်းကတော့ နည်းပြဖာဘရီဂတ်စ်လက်ထက်မှာ အသင်းလိုက်ကစားအားကောင်းခဲ့တာကြောင့် ၂၈ ပွဲမှာ ၂၉ မှတ်ထိရယူနိုင်ခဲ့ပြီး အဆင့်(၁၃) မှာ ရောက်ရှိနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲ ဂျူဗင်တပ်၊ ရိုးမားအသင်းတို့ကလွဲရင် ဖီအိုရင်တီးနား၊ နာပိုလီတို့ကိုအနိုင်ယူခဲ့တဲ့ ခြေစွမ်းကတော့ သတိထားရမှာဖြစ်ပါတယ်။ နည်းပြဖာဘရီဂတ်စ်ကတော့ ခံစစ်လေးယောက်ထားကစားနေပေမဲ့ ဘောလုံးကိုထိန်းချုပ်ကစားနိုင်တာကြောင့် အသင်းကြီးတွေကိုတောင် နိုင်ပွဲရခဲ့တယ်လို့ဆိုရမှာပါ။ ဒါပေမဲ့ အခုရာသီအိမ်ကွင်း ၁၄ ပွဲကစားခဲ့ရာမှာတော့ နှစ်ပွဲသာအနိုင်ရခဲ့ပြီးခံစစ်ကပေးဂိုး ၂၂ ဂိုးထိရှိခဲ့တာကြောင့် အဝေးကွင်းစွမ်းဆောင်ရည် အားနည်းခဲ့တာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ ပထမအကျော့မှာ အေစီမီလန်ကို အပြန်အလှန်ဖိအားပေးမှုတွေနဲ့ကစားနိုင်ခဲ့ပေမဲ့ ဒုတိယပိုင်းမှာခံစစ်ကစားပုံကျဆင်းသွားလို့ အေစီမီလန်က နှစ်ဂိုးဆက်တိုက်သွင်းယူပြီး နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ လက်ရှိသူတို့အသင်းမှာ တိုက်စစ်ပိုင်းမှာ ပက်ဇ်က ဦးဆောင်နေပြီး ခြောက်ဂိုးသွင်းယူထားပေမဲ့ ပြီးခဲ့တဲ့ခြောက်ပွဲဆက်မှာ ဂိုးရဖို့ရုန်းကန်ခဲ့ရတာကြောင့် အခုပွဲမှာ အတွေ့အကြုံကောင်းတဲ့ အေစီမီလန်ခံစစ်ကိုကျော်ဖြတ်ဖို့ မဖြစ်နိုင်လို့ အဘက်ဘက်ကသာလွန်နေတဲ့ အေစီမီလန်အသင်းကိုရွေးချယ်ရမှာပါ။

### အေစီမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အေစီမီလန် | ၁ | - | ၁ | ဖီရင်နူ |
| တိုရီနို | ၂ | - | ၁ | အေစီမီလန် |
| ဘိုလော့နာ | ၂ | - | ၁ | အေစီမီလန် |
| အေစီမီလန် | ၁ | - | ၂ | လာဇီယို |
| လက်ချီ | ၂ | - | ၃ | အေစီမီလန် |

### ကိုမိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ကိုမို | ၁ | - | ၂ | ဂျူဗင်တပ် |
| ဖီအိုရင်တီးနား | ၀ | - | ၂ | ကိုမို |
| ကိုမို | ၂ | - | ၁ | နာပိုလီ |
| ရိုးမား | ၂ | - | ၁ | ကိုမို |
| ကိုမို | ၁ | - | ၁ | ဗီနီဇီယာ |

### မာယော့ကာအသင်းကို အားပေးရမှာပါ

လာလီဂါပွဲစဉ် ၂၈ မှာအကြိုက်တွေ့မိတာကတော့ မာယော့ကာအသင်းနဲ့ အက်စ်ပန်ညိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ မာယော့ကာအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက် သရေရလဒ်ထွက်ပေါ်ခဲ့တယ်ဆိုပေမဲ့ ဆီဗီလာ၊ အလာဗက်၊ ဘီလ်ဘာအိုတို့လို ကစားပုံထက်မြက်တဲ့အသင်းတွေနဲ့ ကစားခဲ့တာကိုတွေ့ရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ဘီလ်ဘာအိုနဲ့ပွဲမှာဆိုအသင်းလိုက်ကစားအားကောင်းခဲ့ပြီး ပြိုင်ဘက်ကို အပြန်အလှန်ဖိအားပေးခဲ့တာကြောင့် ဦးဆောင်ဂိုးရခဲ့ပေမဲ့ ဘီလ်ဘာအိုရဲ့တိုက်စစ်ကြောင့် ချက်ချင်းဂိုးပြန်ပေးလိုက်ရတာဖြစ်ပါတယ်။ မာယော့ကာအသင်းမှာ ထိပ်တန်းအဆင့်ကစားသမားမရှိပေမဲ့ အသင်းငယ်တွေထဲမှာ ကစားအားကောင်းခဲ့တာကြောင့် ၂၇ ပွဲမှာ ၃၇ မှတ်ထိရခဲ့ပြီး အဆင့်(၇) မှာရောက်နေတာကြောင့် ဥရောပဝင်ခွင့် မျှော်လင့်ချက်ရှိနေတာကိုတွေ့ရ မှာပါ။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ အက်စ်ပန်ညိုအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့ပေမဲ့ ဂိုးပေါက်ခြိမ်းခြောက်မှုအသာ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့တာကြောင့် အခုအိမ်ကွင်းပွဲမှာ ရှုံးကြွေးပြန်ဆပ်ဖို့ ပြင်ဆင်လာမှာသေချာပါတယ်။

အက်စ်ပန်ညိုအသင်းဟာ တန်းတက်အသင်းတွေထဲမှာ ကစားပုံကောင်းတဲ့ အသင်းဖြစ်ပေမဲ့ အမှတ်ပေးပွဲ ၂၆ ပွဲအပြီးမှာ ခုနစ်ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၂ ပွဲရှုံးခဲ့တာကြောင့် ရမှတ် ၂၈ မှတ်နဲ့ အဆင့်(၁၅) မှာ ရပ်တည်နေတာဖြစ်ပါတယ်။ နောက်ဆုံးငါးပွဲဆက်မှာ ဆိုစီဒက်တစ်သင်းကိုသာရှုံးခဲ့ပေမဲ့ ရီးရဲလ်မက်ဒရစ်၊ ဘီလ်ဘာအိုတို့ကို ရမှတ်ခွဲယူခဲ့တဲ့ ခြေစွမ်းပိုင်းကတော့ အားရစရာကောင်းပါတယ်။ သူတို့အသင်းဟာခံစစ်လေးယောက်ထားပြီး အမြင့်ဘောတွေနဲ့ ကစားကွက်ဖော်ဆောင်ကာ ပြိုင်ဘက်ကိုဖိအားပေးတတ်ပေမဲ့ မာယော့ကာခံစစ်ကြောင်းက အမြင့်ဘောထိန်းချုပ်မှုကောင်းတာကြောင့် အခုပွဲမှာတော့ ဂိုးရဖို့ ရုန်းကန်ရနိုင်ပါတယ်။ လာမဲ့ပွဲစဉ်မှာကစားသမားလေးယောက်ထိ ပါဝင်နိုင်တာမရှိသလို အဝေးကွင်းခံစစ်ကစိတ်မချရတာကြောင့် လက်ရှိအချိန်ထိ အဝေးကွင်းနိုင်ပွဲတစ်ပွဲသာရရှိခဲ့တာကို သတိပြုရမှာပါ။ အက်စ်ပန်ညိုအသင်းဟာ မာယော့ကာအသင်းနဲ့တွေ့ဆုံခဲ့တဲ့ အဝေးကွင်းပွဲစဉ်တွေမှာ ၂၀၁၁ ခုနှစ်နောက်ပိုင်း တစ်ပွဲသာအနိုင်ရခဲ့တာကြောင့် အခုပွဲမှာလဲ နိုင်ပွဲလိုအပ်နေတဲ့ မာယော့ကာအသင်းတိုက်စစ်ကို ထိန်းချုပ်ဖို့ခက်ခဲနိုင်လို့ အိမ်ရှင် မာယော့ကာအသင်းကို အားပေးရမှာပါ။

### မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၁ | - | ၁ | အိုဆာဆူနာ |
| မာယော့ကာ | ၃ | - | ၁ | လက်ပါးမက် |
| ဆီဗီလာ | ၁ | - | ၁ | မာယော့ကာ |
| မာယော့ကာ | ၁ | - | ၁ | အလာဗက် |
| ဘီလ်ဘာအို | ၁ | - | ၁ | မာယော့ကာ |

### အက်စ်ပန်ညိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်


| | | | | |
|---|---|---|---|---|
| အက်စ်ပန်ညို | ၁ | - | ၀ | ရီးရဲလ်မက်ဒရစ် |
| ဆိုစီဒက် | ၂ | - | ၁ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၁ | - | ၁ | ဘီလ်ဘာအို |
| အလာဗက် | ၀ | - | ၁ | အက်စ်ပန်ညို |
| အက်စ်ပန်ညို | ၁ | - | ၁ | ဂျီရိုနာ |

နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
THE BEST QUALITY TYRE








ပင်ရင်းအရောင်းဌာန-ဖုန်း - ၀၉ ၂၅၃၂၇၂၈၄၃၊ ၀၉ ၄၅၃၂၂၅၅၅၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)
CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၀၂၃၀၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

ဆုငွေထုတ်ယူရန် ဆောင်ရွက်ရမည့်နည်းလမ်းများ
5 Digits Online Lottery
Application မှ ဝယ်ယူသူများ
*117# မှ ဝယ်ယူသူများ (*117*5# ကို ခေါ်ဆိုရန်)
ဆုငွေထုတ်ယူမည့်ဖုန်း နံပါတ်ထည့်သွင်းပြီး နောက် အတည်ပြုရန်
Call Center 777 (or) 09 677 000 777
*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေဘွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

## ဒေါ်မွန် (ခ) ဒေါ်ခင်စောမြတ်မွန် အသက်(၆၅)နှစ်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တော်ရပ်ကွက်နေ
(ဦးရွှေဘော်+ ဒေါ်ခင်စိန်)တို့၏သမီး
ရန်ကုန်မြို့နေ ဦးမြင့်အောင်+ဒေါ်ကြူကြူသန်း၊
မိတ္ထီလာမြို့နေ(ဦးမြင့်နောင်)+ ဒေါ်ခင်ငွေးဝင်း၊
ပခုက္ကူမြို့နေ ဦးရွှေကို+ဒေါ်စုလှိုင်ထွန်း၊
မြစ်ကြီးနားမြို့နေ(ဦးထွန်းဝေ)+ဒေါ်ခွမ်တို့၏ညီမ(ဒေါ်ခင်စောမြတ်သွင်)၊
ဦးဝီလီ+ ဒေါ်ခင်စောမြတ်နွယ်၊ ဒေါ်ခင်စောမြတ်သွယ်တို့၏အစ်မ၊
တူ၊ တူမ(၁၁)ယောက်တို့၏အဒေါ်

## ဒေါ်မွန် (ခ) ဒေါ်ခင်စောမြတ်မွန် အသက်(၆၅)နှစ်သည်

(၁၃-၃-၂၀၂၅)ကြာသပတေးနေ့၊ နံနက်အချိန်တွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရှိနေသော ရုပ်ကလာပ်ကို (၁၄-၃-၂၀၂၅)၊ သောကြာနေ့ နံနက် (၁၁:၀၀) နာရီတိတိအချိန်တွင် နေအိမ်မှ "တောင်အင်း၊ မြောက်အင်း" သုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့်ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို

"အဂတိလိုက်စားမှုတားဆီးဖို့ " 1111 " ကိုဖြေကြားစို့"

"ဝန်ဆောင်မှုများကောင်းစေရေး " 1111 " ကိုဖြေကြားပေး"

အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား"ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား" လည်းဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# တပေါင်းလပြည့်နေ့၌ နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြား



နေပြည်တော် မတ် ၁၃

ယနေ့တပေါင်းလပြည့်နေ့အခါသမယတွင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများ၌ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဗုဒ္ဓဂယာ(နေပြည်တော်)၊မဟာသကျရံသီရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ ဓာတုဇယဓာတ်ပေါင်းစုစေတီတော်၊ ငြိမ်းချမ်းရေးစေတီ၊ လှေခွင်းတောင်တန်ခိုးကြီးဘုရား၊ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်၊ သံသရာငြိမ်းအေးစေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကရန်နှိမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့်

စာမျက်နှာ ၂၃ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊NUG၊PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် တရုတ်နိုင်ငံသား ဦးရေ ၄၅၀ ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား ဦးရေ ၂၇၀ ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့**

စာမျက်နှာ- ၂၆